မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၅)၊ အမှတ် (၁၁၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✱ အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး နှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး နှင့် ပညာရည် မြင့်မားရေး

လောကကို အလှဆင်နေသည့် အကြောင်းတရား (၄)ပါး

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ သဗ္ဗညုတရွှေဉာဏ်တော်ကြီးရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူရာတွင် လောကအကြောင်းကို ဆင်ခြင်သုံးသပ်ရာ၌ လောကတွင် အကျိုးပေးကောင်းရန် အတွက် အကြောင်းတရားကောင်းဖို့ လိုကြောင်း၊ ထိုအကြောင်းတရားကောင်းများမှာ သမ္ပတ္တိစက် (၄)ပါးပင် ဖြစ်ကြောင်း ဟောကြားခဲ့ပါသည်။ ယင်း(၄)ပါးမှာ–

ကာလသမ္ပတ္တိ

ခေတ်အခါကောင်းနှင့် ကြုံတွေ့ရခြင်း၊

ဂတိသမ္ပတ္တိ

လူ့ဘဝ၊ နတ်ဘဝကဲ့သို့ ကောင်းသောဂတိနှင့် ကြုံတွေ့ရခြင်း၊

ဥပဓိသမ္ပတ္တိ

ခြေလက်အင်္ဂါ ညီညာပြည့်စုံပြီး ရုပ်ရည်ရူပကာ တင့်တယ်ခြင်း၊

ပယောဂသမ္ပတ္တိ

ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါး ဖြူစင်ကောင်းမွန်ခြင်း တို့ဖြစ်ပေသည်။ အကြောင်းတရားသမ္ပတ္တိ(၄)ပါးပြည့်စုံပါလျှင် ကောင်းသောအကျိုး တရားများကို ခံစားရပါမည်။

ခေတ်အခါကောင်းနှင့် ကြုံတွေ့ကြရပြီး မျက်မှောက်ကာလ လူ့ဘဝကို ရရှိ ပိုင်ဆိုင်ထားကြသည့် သူတော်ကောင်းအပေါင်းတို့သည် ကောင်းသော သမ္ပတ္တိ တရား(၄)ပါးနှင့် ပြည့်စုံအောင် အစဉ်သဖြင့် သတိတရားလက်ကိုင်ထား၍ ဒါန၊ သီလ၊ ဘာဝနာများကို အခါမလပ် ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါကုန်လော့။ ။

(သာသနာရေး)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဖြူးမြို့နယ် ညောင်ပင်သာတိုက်နယ်ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးတိုးမြှင့်ဆောင်ရွက်နိုင်ရန် ဖြူးမြို့နယ်၌ ညောင်ပင်သာတိုက်နယ်ဆေးရုံသစ် ဖွင့်လှစ်

သန့်ရှင်းသပ်ရပ်စွာ တည်တံ့ရေး၊ ဆေးပဒေသာပင်အလှူငွေများ တိုးပွားရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၄

ပဲခူးတိုင်း တောင်ငူမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်း ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ၌ တည်ဆောက်ပြီးစီးပြီဖြစ်သည့် ညောင်ပင်သာတိုက်နယ်ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

တက်ရောက်

အခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုက်နယ်ဆေးရုံဖြစ်မြောက်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် ကုန်သွယ်မှုလုပ်ငန်းသည် အဓိကကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်က ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံ၏ ထွက်ကုန်ပစ္စည်းများကို စနစ်တကျ တင်ပို့ရောင်းချနိုင်ရန် နယ်စပ်ကုန်သွယ်မှု ပမာဏများပြားသည့် မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်ကြီးကို ထူထောင်ပေးထားသည်။ ယခုအခါ မြဝတီမြို့၌ ခေတ်မီနယ်စပ်ကုန်သွယ်ရေးဇုန်ကို ထူထောင်တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။

နယ်စပ်ကုန်သွယ်ရေးကို ရည်ရွယ်ချက်ငါးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ ယင်းရည်ရွယ်ချက်များတွင် နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်စေရန်၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်စေရန်နှင့် နယ်စပ်ကုန်သွယ်မှုကို ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ကူးပြောင်းရောက်ရှိစေရန်၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝရရှိစေရန်ဟူသော အချက်များ ပါဝင်သည်။

နိုင်ငံတော်၏ နယ်စပ်ကုန်သွယ်ရေးကို နိုင်ငံတကာက ကျင့်သုံးလျက်ရှိသော ပုံမှန်ကုန်သွယ်မှုစနစ်သို့ ပြောင်းလဲကျင့်သုံးနိုင်အောင် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ၏ ထွက်ကုန်ပစ္စည်းများကို ထိုက်တန်သော ဈေးနှုန်းဖြင့် စနစ်တကျ အဆင့်အတန်းရှိသည့် ပို့ကုန်အဖြစ် ရောင်းချနိုင်ရန် မြဝတီ နယ်စပ်ကုန်သွယ်ရေး ဇုန်ကြီးကိုမူဆယ် ၁၀၅ မိုင် ခေတ်မီနယ်စပ်ကုန်သွယ်ရေးဇုန်ကြီးကဲ့သို့ တည်ဆောက်ထူထောင်သွားမည်ဖြစ်သည်။ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်သည် နိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း၌ ပမာဏအများဆုံးဖြစ်ပြီး မြဝတီနယ်စပ် ကုန်သွယ်ရေးဇုန်သည် ဒုတိယ ပမာဏ အများဆုံးဖြစ်သည်။

ထို့ကြောင့် နယ်စပ်ကုန်သွယ်မှုစနစ်မှ နယ်စပ်ဖြတ်ကျော် ပုံမှန်ကုန်သွယ်မှုစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်မှသာ နှစ်နိုင်ငံစလုံးအတွက်နှင့် ကုန်သွယ်မှုလုပ်ငန်းရှင်များအတွက် ရေရှည်အကျိုးရှိမည် ဖြစ်သည်။

လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများကို နည်းစနစ်ကျနစွာ ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင် လာတတ်စေရန် နိုင်ငံတော်က မူဘောင်နှင့်အညီ အစွမ်းကုန်ပံ့ပိုးကူညီ စောင့်ရှောက်ပေးသွားမည် ဖြစ်သည်။

ဝန်ထမ်းများအနေဖြင့် မမှန်ကန်သော နည်းလမ်းများကို အသုံးချခြင်းမပြုလုပ်ရန် လိုအပ်သကဲ့သို့ လုပ်ငန်းရှင် ကုန်သည်များအပိုင်းကလည်း ရိုးရိုးသားသား သိက္ခာရှိစွာဖြင့် လုပ်ငန်းများကို လုပ်ကိုင်ကြရန် အရေးကြီးပေသည်။

တာဝန်ရှိဝန်ထမ်းများနှင့် လုပ်ငန်းရှင်ကုန်သည်များသည် လုပ်ငန်းများကို စနစ်တကျ မှန်ကန်စွာ ဟန်ချက်ချက်ညီညီ အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားကြခြင်းဖြင့် နိုင်ငံတော်၏ နယ်စပ်ကုန်သွယ်မှုသည် ပင်လယ်ထွက်ပေါက်မှသာမက ကုန်းလမ်းထွက်ပေါက်များမှပါ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လုပ်ငန်းများပိုမိုတိုးတက်အောင် နည်းလမ်းရှာကြံ သွင်းကုန်အစားထိုးပစ္စည်းများ စံချိန်စံညွှန်းမီထုတ်လုပ်

နေပြည်တော် ဩဂုတ် ၁၄

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၁ ရက် နံနက် ၉နာရီခွဲက မန္တလေးတိုင်း မိတ္ထီလာမြို့နယ်ရှိ မော်တော်ယာဉ်နှင့် စက်ပစ္စည်းများပြင်ဆင်ရေး သမဝါယမ အသင်းလီမိတက်သို့ ရောက်ရှိပြီး အသင်းအမှုဆောင် ဒါရိုက်တာအဖွဲ့နှင့်အသင်းသားဝန်ထမ်းများအား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် အသင်း ဥက္ကဋ္ဌက အသင်း၏သမိုင်းကြောင်းနှင့် လက်ရှိ ဆောင်ရွက်နေမှုများကို တင်ပြ၍ မန္တလေးတိုင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြိုးစားဆောင်ရွက်

ထို့နောက် ဝန်ကြီးက သက်တမ်းနှစ် ၅၀ ကျော်ပြီဖြစ်သော အသင်းတစ်သင်းအနေဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင် နည်းလမ်းများရှာကြံလျက် ယခုလက်ရှိ အခြေအနေထက် ပိုမိုတိုးတက်အောင် နိုင်ငံတော်၏ မူဝါဒနှင့်အညီ ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သွင်းကုန်အစားထိုး မော်တော်ယာဉ် အရန်ပစ္စည်းများကို အရည်အသွေးစံချိန်စံညွှန်းပြည့်မီကောင်းမွန်စွာဖြင့် ပိုမိုထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် အကျယ်တဝင့်မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် စက်ပြင်တွင်ခုံလုပ်ငန်းစက်ရုံအတွင်း ကရိုင်းသစက်၊ မျက်နှာပြင်သစက်၊ ပန့်နှင့် နော်ဇယ်ပြုပြင်မှုလုပ်ငန်းနှင့် စက်ရုံမှထုတ်လုပ်ထားသော ဘရိတ်ဒရမ်များ၊ ပစ္စတင်များကိုကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

ကျောင်းသား ကျောင်းသူများ တတ်မြောက်မှုအရည်အသွေးမြင့်မားရေးဆွေးနွေး ပညာရေးမူဝါဒနှင့်အညီ ဆရာ ဆရာမများအရည်အသွေးပြည့်ဝရေးကြိုးပမ်း

ရန်ကုန် ဩဂုတ် ၁၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဩဂုတ် ၁၁ရက် နံနက် ၉နာရီက မန္တလေးတိုင်း သာစည်မြို့နယ် ယင်းမာပင် အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ရောက်ရှိပြီး ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ အောင်ချက်မြင့်မားရေးကိစ္စများ ဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့် ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် နံနက် ၁၁ နာရီ ခွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကလောမြို့နယ်ပညာရေးမှူး၊ ကလောမြို့ အမှတ်(၁)နှင့် (၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများနှင့်တွေ့ဆုံ၍ကျောင်းသားကျောင်းသူများ တတ်မြောက်မှု အရည်အသွေးမြင့်မာရေး အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး Multi-Media ခန်း၊ Language Lab၊ သိပ္ပံလက်တွေ့ခန်းတို့ကိုကြည့်ရှုစစ်ဆေးကာ **(ယာပုံ)** လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အားပေးစကားပြောကြား

ထို့နောက် မွန်းလွဲပိုင်းတွင် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် တောင်ကြီး ပညာရေး ကောလိပ်သို့ ရောက်ရှိပြီး ပညာရတနာခန်းမ၌ ကျောင်းအုပ်ကြီး ဒေါ်စီစီက ကောလိပ်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပညာရေးမူဝါဒနှင့်အညီ ဆရာ ဆရာမများ အရည်အသွေးပြည့်ဝရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြား၍ ဘာသာရပ်ဆိုင်ရာ ဌာနအလိုက် တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ တွေ့ဆုံပွဲအပြီး၌ ဝန်ကြီးသည် ကွန်ပျူတာခန်း၊ Language Lab၊ သိပ္ပံလက်တွေ့ ခန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ် သည်များမှာကြားပြီး လုပ်ငန်းခွင်ကြို မူလတန်း ဆရာ အတတ်သင်တန်း အမှတ်စဉ်(၁၀/၂၀၀၅) သင်တန်းသားများ၏ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေး၍ အားပေးစကားပြောကြားသည်။

တွေ့ဆုံ

ဆက်လက်၍ ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းသည် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝရတ်ဆောင်ခန်းမ၌ ပြည်နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ အထက်တန်းကျောင်းအုပ်ကြီးများ၊ ဘာသာရပ်မှူးများ၊ အုပ်ထိန်းသူ ဆရာဆရာမများနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာ ဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြဦး လိုက်ပါလျက် တောင်ကြီးတက္ကသိုလ်သို့ရောက်ရှိပြီး ဘွဲ့နှင်းသဘင်ခန်းမ၌ ဆရာ ဆရာမများနှင့်တွေ့ဆုံရာ တောင်ကြီးတက္ကသိုလ်၊ တာဝန်ခံပါမောက္ခချုပ် ဦးရေချမ်းက တက္ကသိုလ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊ ဌာနမှူးများက ဘာသာရပ်အလိုက် သင်ကြားသင်ယူမှု အခြေအနေများကို တင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

■ ကျောဖုံးမှ

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ကော်မတီဥက္ကဋ္ဌ ဝန်ကြီးဦးအောင်သောင်းသည် သံရည်ကျိုစက် ခုတ်စားဌာနသို့ ရောက်ရှိကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌ ဝန်ကြီးဦးအောင်သောင်းသည် သံပုံလောင်းခြင်းလုပ်ငန်း၊ စက်မှုဇုန်မှ ထုတ်လုပ်သော စက်အပိုပစ္စည်းများ၊ စက်ကိရိယာများ ကြည့်ရှုစစ်ဆေးပြီး စက်မှုဇုန်ထုတ် စက်အစိတ်အပိုင်းများကို စနစ်တကျ မှတ်တမ်းတင်ထားရှိရေး မှာကြားသည်။

ပေါင်းစပ်ဆောင်ရွက်

ထို့နောက်ကော်မတီဥက္ကဋ္ဌဝန်ကြီး ဦးအောင်သောင်းသည် Machine Shop No-2 သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး စက်များ ကိုင်တွယ်ရာ၌ ကျွမ်းကျင် ဝန်ထမ်းများအား ပို၍ကျွမ်းကျင်တတ်ကျွမ်းရန် လေ့ကျင့်ပညာပေးသွားရေး၊ စက်မှုလုပ်ငန်းရှင်များ လိုအပ်သောစက်အစိတ်အပိုင်းများကို တစ်ကြိမ်တည်း တစ်ပြိုင်တည်း ထုတ်လုပ်ပေးနိုင်သော နည်းပညာများနှင့် စက်များထားရှိရန်၊ အများနှစ်ခြိုက်သော သွင်းကုန်အစားထိုး စက်အပိုပစ္စည်းများ တိုးတက်ထုတ်လုပ်သွားရေး၊ စက်မှုဇုန်ကြီးကြပ်ရေးအဖွဲ့ဝင်များ ညီညွတ်မျှတစွာ ပေါင်းစပ်ဆောင်ရွက်သွားရေး မှာကြားသည်။

ထို့နောက်ကော်မတီဥက္ကဋ္ဌဝန်ကြီး ဦးအောင်သောင်းသည် စက်မှုဇုန်ထုတ် ၁၀ ဘီးကားနှင့် ၁၂ဘီး ကုန်တင်မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးကာ တိုးတက်ထုတ်လုပ်သွားရေး မှာကြားသည်။

ပေါများစွာထုတ်လုပ်

ထိုမှတစ်ဆင့် ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် ဦးဖရန်ကီး၏ SMA မော်တော်ကား ထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိကာ ကုန်တင်ယာဉ်များ ထုတ်လုပ်မှုလုပ်ငန်းများ၊ ဒီဇယ်အစား ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ် အင်ဂျင်အားမောင်းနှင်မှု၊ 50 KVA အင်ဂျင်စက်အား စပါးခွံသုံး၍ ဒီဇယ်ဆီအနည်းငယ်ဖြင့်လည်ပတ်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ယခုကဲ့သို့သော လောင်စာဆီအနည်းငယ်ဖြင့် မောင်းနှင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သော မီးစက်များ ပေါများစွာထုတ်လုပ်သွားရေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးဦးအောင်သောင်းသည် ကျောက်ဆည်မြို့နယ် အင်ရောင်းရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)သို့ ရောက်ရှိကာ စက်ရုံတိုးချဲ့ တည်ဆောက်မှုနှင့် လမ်း ဖောက်လုပ်မှုအခြေအနေများကို ကြည့်ရှုရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက တည်နေရာပြမြေပုံဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဝန်ကြီးသည်GMP စနစ်နှင့် လျော်ညီစွာ တည်ဆောက်နေသော Personnel Washing နှင့် Car Washing တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

တိကျစွာဆောင်ရွက်

ထို့နောက်ဝန်ကြီးသည် Disposable Syringe Production Plant တစ်လျှောက် သွေးကြောသွင်း ဆေးရည်ထုတ်လုပ်ရေးဌာန၊ GMP စနစ်နှင့်အညီ အခန်းဆောင်များဖွဲ့စည်း တည်ဆောက်ထားရှိမှုနှင့်စက်များတပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက တည်ဆောက်ခြင်းလုပ်ငန်းများနှင့်စက်များတပ်ဆင်ခြင်းလုပ်ငန်းများကို အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရေး၊ အခန်းဆောင်ဖွဲ့စည်းမှုတိုင်းကို GMP စနစ်နှင့် လျော်ညီစွာ တိကျစွာဆောင်ရွက်သွားရေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျောက်ဆည်မြို့နယ် မင်းစုသို့ ရောက်ရှိပြီး မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးအိမ်သုံး ပစ္စည်းစက်ရုံ(မင်းစု)သို့ ရောက်ရှိ၍ စက်ရုံထုတ်ကြွေရည်စိမ်နှင့် စတီးအိမ်သုံး ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

လိုအပ်ချက်များမှာကြား

ဆက်လက်၍ ဝန်ကြီးသည် ပုံလောင်းပြီး ပန်းကန် ခွက်ယောက်များ၊ ဟိုက်ဒြောလစ် ပုံထောင်းခြင်းလုပ်ငန်းများ၊ကြွေမီးဖိုဌာန၏ လုပ်ငန်းများ၊ ပန်းမှုတ်၊ ပန်းကပ်ခြင်းလုပ်ငန်းများ၊ ကြွေမှုတ်ခြင်းလုပ်ငန်းများနှင့် စတီးအိမ်သုံးပစ္စည်းများအား အရောင်တင်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

လေ့ကျင့်ပျိုးထောင်

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ဝမ်းတွင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး အသင်းရုံးအား အကြီးစားပြင်ဆင်ရန် ကြည့်ရှုစစ်ဆေးကာ မြို့နယ်အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သွားရေး၊ စည်းရုံးရေးမှူးကောင်းများဖြစ်ရန် လေ့ကျင့်ပျိုးထောင် သွားရေးစသည်ဖြင့် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)



ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) သံဃာတော်များအား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ မိသားစု တစ်နေ့တာဆွမ်းလှူ

ရန်ကုန် ဩဂုတ် ၁၄

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သံဃာတော် အပါး၄၅၀တို့အား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပရာ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တက်ရောက်၍ ဒုတိယနာယကချုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဥတ္တမအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဆွမ်းအလှူတော်ငွေများကိုပေးအပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်း၊ ဦးကျော်အောင်တို့နှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ကျောဖုံးမှ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တံခါးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိရာ မြို့နယ်လျှပ်စစ်မှူး ဦးရဲချစ်က ဓာတ်အားလက်ခံရရှိမှု၊ ဓာတ်အားပြန်လည်ဖြန့်ဖြူးထားရှိမှု၊ ဝန်ထမ်းအင်အား၊ စနစ်သစ်ဖြင့်ဓာတ်အားခ ကောက်ခံရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ဓာတ်အားဖြန့်ဖြူးပေးနေသော ဓာတ်အားခွဲရုံအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြိုးစားတည်ဆောက်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တံခါးမြို့နယ်အတွင်း သာယာကုန်းကျေးရွာအနီးရှိ ကေဗွီ ၂၃၀ သာယာကုန်း ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိလာပြီး ဓာတ်အားပို့လွှတ်ရေးစီမံကိန်း တောင်ပိုင်းလိုင်းမှ စီမံကိန်းညွှန်ကြားရေးမှူး ဦးသိန်းလှိုင်နှင့် စီမံကိန်းမန်နေဂျာ ဦးစိုးလှိုင်တို့က ဓာတ်အားခွဲရုံ ရှင်းလင်းခန်းမတွင် စစ်တောင်းမြစ်ဝှမ်းဒေသ ရေအားလျှပ်စစ်စီမံကိန်းများမှ ထွက်ရှိလာမည့် ဓာတ်အားများကို လက်ခံရယူ၍ မဟာဓာတ်အားလိုင်းစနစ်ဖြင့် ဆက်သွယ်ယုက်နွယ်သွားမည့် ဓာတ်အားလိုင်းစနစ်၊ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်လုပ်ဆောင်သွားမည့် စီမံကိန်းအစီအစဉ်များ၊ ကေဗွီ ၂၃၀ ဓာတ်အားလိုင်းအား Double Circuit ဖြင့် ပဲခူးမြို့ ကမာနတ် ဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်သွားမည့် ဓာတ်အားလိုင်းစနစ်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ဤစီမံကိန်းသည် ရန်ကုန်မြို့နှင့် တောင်ငူမြို့အကြားအဓိကအချက်အချာကျပြီး ဓာတ်အားခွဲရုံကြီးတစ်ရုံ ဖြစ်လာမည်ဖြစ်သည့်အတွက် ယခုကတည်းက စနစ်တကျ ကြိုးစားတည်ဆောက်ကြပြီး သတ်မှတ်ကာလမတိုင်မီ စောစီးစွာပြီးစီးရေး၊ ဓာတ်အားလိုင်းစနစ်ပိုမိုတိုးတက်ကောင်းမွန်စေရေး မှာကြားပြီး ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းအတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဓာတ်အားဖြန့်ဖြူးမှု

ဆက်လက်၍ ဝန်ကြီးသည် ညောင်လေးပင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးတင့်က ဓာတ်အား လက်ခံရရှိမှု၊ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားရောင်းချရမှု၊ စနစ်သစ်ဖြင့် ဓာတ်အားခကောက်ခံရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

အောင်မြင်အောင်လုပ်ကိုင်

ယင်းနောက်ဝန်ကြီးသည် ဒိုက်ဦးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ဦးက ဓာတ်အားလက်ခံရမှု၊ ဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားခကောက်ခံရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဝန်ထမ်းများအား ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်ကြရေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆–၂၀၀၇ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၆ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်မှ (၁၉)ရက်
အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

ရေဝတီတိုင်း ဖျာပုံခရိုင် အမာမြို့ ချောင်းဝကျေးရွာနေ မခင်ဌေးဌေးက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

အိတ်ချ်အိုင်ဗွီပိုး ရပ်စ်ပိုး အေအိုင်ဒီအက်စ်ဖြစ်ပွားရာတွင် အရန်ပိုး ရပ်စ်ပိုးဖြစ်

တိုရွန်တို ဩဂုတ် ၁၄

အေအိုင်ဒီအက်စ်ရောဂါကို ဖြစ်ပွားစေသော အိတ်ချ်အိုင်ဗွီပိုးရပ်စ်ပိုးမှ အရန်ပိုးရပ်စ်တစ်မျိုးသည် ကိုယ်ခံစွမ်းအား ဆဲလ်များကို တိုက်ခိုက်သည့် အရန်ပိုးရပ်စ်ပိုးဖြစ်သည်။ ယင်းပိုးသည် အေအိုင်ဒီအက်စ်ရောဂါကူးစက်ခြင်းကို ထောက်ကူပေးစေနိုင်ကြောင်း အမေရိကန်သုတေသီများက ဩဂုတ် ၁၂ ရက်၌ ပြောကြားသည်။

ထိုအချက်တွင် ကိုယ်ခန္ဓာအတွင်း အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ပွားလွယ်သော ဘီဆဲလ်များဖြစ်လျှင် ကူးစက်ရန် လျှင်မြန်စေနိုင်ကြောင်း ပစ်ခဘတ်ဂျ် တက္ကသိုလ်မှ သုတေသနပညာရှင်များက နိုင်ငံတကာ အေအိုင်ဒီအက်စ် ကွန်ဖရင့်တစ်ရပ်၌ ပြောကြားလိုက်သည်။

ခုခံအားဆဲလ်များအကြား အိတ်ချ်အိုင်ဗွီပိုးတိုးတက်ပျံ့နှံ့ရာတွင် ထိုဘီဆဲလ်များသည် အဓိကအရေးကြီးကြောင်း ယင်းသုတေသီများက ထောက်ခံထားသည်ဟု လေ့လာချက်ကိုဦးဆောင်ခဲ့သူ ဒေါက်တာ ချာလီရီနယ်ဒိုက ပြောကြားသည်။

ထိုတွေ့ရှိချက်များသည် ရောဂါကူးစက်ခြင်းကို တားဆီးရန်နည်းလမ်းများ ရှာဖွေနိုင်ဖွယ်ရှိကြောင်း၊ ခန္ဓာကိုယ်ထဲတွင် ယင်းဘီဆဲလ်များ ဘာကြောင့် ရှိနေရခြင်းကိုလည်း ရှင်းလင်းရာတွင် အထောက်အကူဖြစ်စေလိမ့်မည် ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အိတ်ချ်အိုင်ဗွီ ပိုးရပ်စ်သည် အထူးသဖြင့် တိုက်ခိုက်ရန် ခက်ခဲသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ထိုကိုယ်ခံစွမ်းအားစနစ်ကို ဖျက်ဆီးခြင်းကြောင့်ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**



ဟီးသရိုးလေဆိပ်

လန်ဒန်မြို့ ဟီးသရိုးလေဆိပ်တွင် မိုးထဲလေထဲ၌ ခရီးသည်များ စောင့်ဆိုင်းနေသည်ကို ဩဂုတ် ၁၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

၂၀၀၆ ခုနှစ် ဟောင်ကောင်အလှမယ်အဖြစ် ရွေးချယ်ခံရသူ အေမီချမ်းအား ဩဂုတ် ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နှစ်နိုင်ငံ သိပ္ပံနည်းပညာကဏ္ဍ
တရုတ်နှင့် ပိုလန်တို့ ပူးပေါင်းဆောင်ရွက်ရေးသဘောတူ

ဝါဆော ဩဂုတ် ၁၄

တရုတ်နှင့် ပိုလန်နှစ်နိုင်ငံတို့၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ (၃၂)ကြိမ်မြောက် အစည်းအဝေးအတွင်း သိပ္ပံနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူမှုကြမ်းတစ်ရပ်ကို ဩဂုတ် ၁၁ ရက်၌ နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ သဘောတူညီချက် မှုကြမ်းလက်မှတ်ရေးထိုးခြင်းကို တရုတ်နိုင်ငံ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဒုတိယဝန်ကြီး ရှန်ယောင်နှင့် ပိုလန်နိုင်ငံ အဆင့်မြင့် သိပ္ပံနှင့် ပညာရေး ဆိုင်ရာ ဒုတိယဝန်ကြီး အိုလက်ဖ်ဂယ် တို့က သဘောတူ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

သဘောတူညီချက်မှုကြမ်းတွင် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သိပ္ပံနည်းပညာ၊ သတ္တု၊ သတင်းပြန်ကြားရေးနည်းပညာနှင့် ဇီဝနည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မည် ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

တရုတ်နှင့် ပိုလန်နှစ်နိုင်ငံတို့အနေဖြင့် ပူးတွဲသုတေသနစီမံကိန်းအသစ်များ၊ သိပ္ပံနည်းပညာဆိုင်ရာ သုတေသနပြုမှုများနှင့် အခြားကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ကြမည်ဟု နှစ်နိုင်ငံစလုံးက ရည်မှန်းထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မလေးရှားကျောင်းသား ၉၀၀ ခန့် အစာအဆိပ်သင့်

ကွာလာလမ်ပူ ဩဂုတ် ၁၄

မလေးရှားနိုင်ငံမြောက်ပိုင်း ကျောင်းတစ်ကျောင်းရှိ ကျောင်းသား ၉၀၀ခန့် အစာအဆိပ်သင့်သည်ဟု သံသယဖြစ်ခဲ့ရာ ဖျားနာမှုလျော့နည်းသွားပြီဟု ဒေသထုတ်သတင်းစာ တစ်စောင်တွင် စနေနေ့က ဖော်ပြထားသည်။

ကီဒတ်ချ်ပြည်နယ် ဆန်ရိုင်းပီတာနီရှိ ကျောင်းတစ်ကျောင်းတွင် ကျောင်းသူ ၇၀၀ခန့်နှင့် ကျောင်းသား ၂၀၀ခန့် ဗိုက်အောင့်ခြင်း၊ ဝမ်းလျှောခြင်းနှင့် အော့အန်ခြင်း အစာအဆိပ်သင့်သည့် ရောဂါလက္ခဏာ ဖြစ်လာကြောင်း စတား သတင်းစာတွင် စနေနေ့နံနက် စောစောပိုင်းက ဖော်ပြထားသည်။

ဖော်ပြ

ဒေသဆေးရုံသို့ ၄၀၀ကျော် သယ်ဆောင်ခဲ့ကြပြီး ငါးဦးအား ဆေးရုံတင်ခဲ့ကြောင်း အင်္ဂလိပ်သတင်းစာတွင် ဖော်ပြသည်။

ပြောကြား

ထိုကျောင်းသားများ စားသုံးသည့် အစားအစာများကြောင့် အစာအဆိပ်သင့်ရကြောင်း ကြာသပတေးနေ့ညနေအချိန်တွင် ဆေးရုံဆရာဝန်က ပြောကြားသည်။

စစ်ဆေး

ဒေသကျန်းမာရေး အာဏာပိုင်များက ကျောင်းတွင်ကျွေးမွေးသည့် အစားအစာများကိုစစ်ဆေးလိမ့်မည်ဟု ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာဖဂန်နစ္စတန်၌ ကန်နှင့်အပေါင်းပါ သုံးဦးသေဆုံး

ကဘူးလ် ဩဂုတ် ၁၄

အာဖဂန်နစ္စတန် အရှေ့မြောက်ပိုင်း နိုရီမတန်ပြည်နယ်တွင် တာလီဘန်တိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုကြောင့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဩဂုတ် ၁၂ရက်တွင် ပြောကြားသည်။

ဖြစ်ပွားမှုမှာ အာဖဂန်နစ္စတန် အရှေ့မြောက်ပိုင်းတွင် ဩဂုတ် ၁၁ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တောတန်း ထူထပ်သော ဝေဂလ်ခရိုင်၌ ဖြစ်ကြောင်း ၎င်းစစ်ဘက်က ထုတ်ပြန်သော သတင်းတစ်ရပ်၌ ဖော်ပြသည်။ ထို့အတူ အာဖဂန်နစ္စတန် တောင်ပိုင်းတွင်လည်း ဩဂုတ် ၁၁ရက်က ဗုံးခွဲတိုက်ခိုက်မှုကြောင့် နေတိုးတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယင်နာ-ကွာလာလမ်ပူ လေကြောင်းပျံသန်းမှု လောင်စာဆီဈေးမြင့်တက်မှုကြောင့် ရပ်ဆိုင်းရဖွယ်ရှိ

ကွာလာလမ်ပူ ဩဂုတ် ၁၄

လာမည့် ၂၀၀၇ ခုနှစ် မတ် ၂၅ ရက်မှ စတင်ကာ ကွာလာလမ်ပူမြို့သို့ လေကြောင်းပျံသန်းမှု ခရီးစဉ်ရပ်ဆိုင်းရဖွယ်ရှိကြောင်း ဩစတြီးယား လေကြောင်းလိုင်းက သတင်းထုတ်ပြန်မှုကို မလေးရှားနိုင်ငံထုတ်သတင်းစာ တစ်စောင်က ဩဂုတ် ၁၁ ရက်၌ ဖော်ပြထားသည်။

ဆုံးဖြတ်

ထို့အတူ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့မှ လေကြောင်းခရီးစဉ် ထက်ဝက်ခန့်ကို လျှော့ချသွားရန် ဆုံးဖြတ်ထားကြောင်း ဩစတြီးယားလေကြောင်းလိုင်းက ပြောကြားသည်။ လေကြောင်းပျံသန်းမှုခရီးစဉ်အနေဖြင့် ရေရှည်တွင် အကျိုးစီးပွားဖြစ်ထွန်းနိုင် စရာမရှိဟု သုံးသပ်ထားသည်ဟု မလေးရှားနိုင်ငံဆိုင်ရာ ဩစတြီးယား လေကြောင်းလိုင်း၏ မန်နေဂျာဝီလ်ဆင်တေးက ပြောကြားသည်။

တစ်ရှိန်ထိုးတက်

ယခုကဲ့သို့ ဆုံးဖြတ်ရခြင်းမှာ လောင်စာဆီဈေးနှုန်းများ အဆမတန် တစ်ရှိန်ထိုးတက်လာခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ ဖြေရှင်းချက်ပေးထားသည်။

ဩစတြီးယားလေကြောင်းလိုင်းသည် ဗီယင်နာ-ဆစ်ဒနီ-ကွာလာလမ်ပူ လေကြောင်းခရီးစဉ်အဖြစ် သီတင်းတစ်ပတ်လျှင် ခြောက်ကြိမ်ပျံသန်းပြေးဆွဲနေသောလေကြောင်းလိုင်းဖြစ်သည်။ ထို့အတူစင်ကာပူနိုင်ငံသို့လည်း သီတင်းတစ်ပတ်လျှင် သုံးကြိမ်ပျံသန်းနေသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံတွင် ဆော်မိုင်မုန်တိုင်းတိုက်ခတ် သေဆုံးသူ ၁၁၄ဦးနှင့် ပျောက်ဆုံးသူ ၁၈၃ဦးရှိ

ပေကျင်း ဩဂုတ် ၁၄

တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန်ပြည်နယ်တွင် သေဆုံးသူရှစ်ဦးကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ဆော်မိုင် မုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ၁၁၄ ဦးအထိရှိလာပြီး ၁၈၃ဦးပျောက်ဆုံးလျက်ရှိနေကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

တရုတ်နိုင်ငံတွင် ရာစုနှစ်ဝက်အတွင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်သေဆုံးမှုအရေအတွက်အများဆုံးဖြစ်ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။ ဆော်မိုင်မုန်တိုင်းတိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံ ဖူဒင်းစီးတီးတွင် လူပေါင်း ၁၃၅၀ ဒဏ်ရာရရှိခဲ့သည်။

ပြောကြား

မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၁၁၂ ဒသမ ၅ သန်းရှိကြောင်း၊ ဖူဒင်းစီးတီးရေလွှမ်းမှု ထိန်းချုပ်ရေးဆိုင်ရာရုံးမှ ဒုတိယ အကြီးအကဲ ဇိုဖန်လီကပြောကြားသည်။

ပျက်စီး

ဆော်မိုင်မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှု အများဆုံးမှာ ဖူကျန်ပြည်နယ်ရှိ ဖူဒင်းစီးတီးဖြစ်ပြီး သစ်ပင်များပြိုလဲကာ အိမ်အများအပြား ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည်။ ဖူဒင်းစီးတီးတွင် ငါးဖမ်းလှေ ၁၀၀၀ကျော်ပျက်စီးခဲ့ပြီး နေအိမ် ၈၀၀၀ ကျော်ပျက်စီးခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမေရိကန်တောင်ပိုင်း ကိုယူရိုယူ ဥရောပ အာကာသအခြေစိုက်စခန်းမှဂြိုဟ်တု ကမ္ဘာပတ်လမ်းကြောင်းသို့ လွှတ်တင်ခဲ့သည်ကို ဩဂုတ် ၁၁ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်-ပြင်သစ်ဂြိုဟ်တု ကမ္ဘာပတ်လမ်းအတွင်းသို့ လွှတ်တင်

ကိုယူရိုယူ(ထရန့်ဂူယာနာ) ဩဂုတ် ၁၄

ကမ္ဘာပတ်လမ်းအတွင်းသို့ ဂျပန်အရပ်ဘက်ဆက်သွယ်ရေးဂြိုဟ်တုနှင့် ပြင်သစ်စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေး ဂြိုဟ်တုတင်ဆောင်ပြီး အာရီယာနီ-၅ဒုံးပျံကို ဖရန့်ဂူယာနာမှ ဩဂုတ် ၁၁ရက်က လွှတ်တင်လိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပစ်လွှတ်

အဆိုပါဒုံးပျံကို အမေရိကန်တောင်ပိုင်း အရှေ့မြောက်ဘက်ကမ်းရိုးတန်းရှိ ကိုယူရိုယူ ဥရောပအာကာသအခြေစိုက်စခန်းမှ ဒေသစံတော်ချိန် ည ၇နာရီ ၁၅မိနစ်က ပစ်လွှတ်ခဲ့သည်။

ထိုသို့ ဒုံးပျံလွှတ်တင်ပြီး ၂၇မိနစ်အကြာတွင် ဂျပန် ဂျေအက်စ်အေတီကော်ပိုရေးရှင်းအတွက် အရပ်ဘက်သုံးဂြိုဟ်တုကို ဒုံးပျံမှ ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ပစ်လွှတ်ခဲ့သည်။

လွှတ်တင်

နောက် ၅ မိနစ်အကြာတွင် ပြင်သစ် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဘက်ဆိုင်ရာဆက်သွယ်ရေးဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ လွှတ်တင်ပေးခဲ့သည်။

တတိယမြောက်

ယခုနှစ်တွင် အာရီယာနီ လွှတ်တင်မှုသည် တတိယမြောက်ဒုံးပျံဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဘရာဇီးရေနံလုပ်ငန်း အမြတ်ငွေရရှိမှုတိုးမြင့် ၂၀၀၆ခုနှစ် ပထမနှစ်ဝက်အတွင်း ဒေါ်လာခြောက်ဘီလီယံကျော်ရရှိ

ရီရိုဒီဂျနေရိုး ဩဂုတ် ၁၄

ဘရာဇီးနိုင်ငံပိုင်ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ၂၀၀၆ ခုနှစ် ပထမခြောက်လတာကာလအတွင်း အမြတ်ငွေအမေရိကန်ဒေါ်လာ ၆ဒသမ၃ ဘီလီယံရရှိခဲ့ရာ ဘရာဇီးနိုင်ငံသမိုင်းတွင် နှစ်ဝက်အတွင်း အမြတ်ငွေရရှိမှု အမြင့်ဆုံးဖြစ်ကြောင်း အဆိုပါလုပ်ငန်းက ဩဂုတ် ၁၁ရက်၌ သတင်းထုတ်ပြန်သည်။

ထိုသို့အမြတ်ငွေရရှိမှုသည် ပြီးခဲ့သည့် အလားတူကာလက ရရှိခဲ့သော အမြတ်ငွေ အမေရိကန် ဒေါ်လာ ၄ ဒသမ ၆ သန်းထက်၃၇ရာခိုင်နှုန်း ပိုများခဲ့သည်။

ပိုမိုတိုးတက်ထုတ်လုပ်

ကမ္ဘာ့ရေနံဈေးကွက်တွင် ရေနံဈေးနှုန်းများ တိုးမြင့်လာနေချိန်တွင် ရေနံ ပိုမိုတိုးတက်ထုတ်လုပ်ခဲ့သဖြင့် စံချိန်တင်အမြတ်ငွေရရှိခဲ့ခြင်းဖြစ်ကြောင်း ဘရာဇီးနိုင်ငံရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သည့် အယ်ဗီရာဘာဘဆာက ပြောကြားသည်။

တိုးမြှင့်ထုတ်လုပ်

ဘရာဇီးနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ပက်ထရိုဘရက် အနေဖြင့် ၂၀၀၆ ခုနှစ် ပထမနှစ်ဝက်အတွင်း ရေနံနှင့်ဓာတ်ငွေ့ထုတ်လုပ်မှု ခုနစ်ရာခိုင်နှုန်း တိုးမြှင့် ထုတ်လုပ်ခဲ့ကြောင်း သိရသည်။ ထို့အတူ ပက်ထရိုဘရက်စ် အနေဖြင့် ၂၀၀၆ခုနှစ် ပထမနှစ်ဝက်အတွင်း ရင်းနှီးမြှုပ်နှံမှုလည်း တိုးတက်ခဲ့ရာ အမေရိကန်ဒေါ်လာ ၆ဒသမ၃ဘီလီယံရှိခဲ့ကြောင်း၊ နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၂၄ ရာခိုင်နှုန်းဖြစ်ကြောင်း အယ်ဗီရာဘာဘဆာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်တွင် ဦးနှောက်အမြှေးရောင် ရောဂါဖြစ်ပွား

ယန်ချန် ဩဂုတ် ၁၄

တရုတ်နိုင်ငံ ရှန်စီပြည်နယ် ယန်ချန်မြို့တွင် ဂျပန်ဦးနှောက်အမြှေးရောင် ရောဂါဖြစ်ပွားသူ ၃၈ ဦးရှိနေပြီး သေဆုံးသူမှာ ၁၉ဦးရှိပြီဖြစ်ကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးအာဏာပိုင်များက ဩဂုတ် ၁၂ရက်၌ ပြောကြားသည်။

စတင်ဖြစ်ပွား

အဆိုပါ ရောဂါဖြစ်ပွားမှုမှာ ပြီးခဲ့သည့် ဇူလိုင် ၁၃ရက်က ခြင်ကိုက်ခံရမှုများကြောင့် ယန်ချန်မြို့တွင် ဂျပန်ဦးနှောက်မြှေးရောင်ရောဂါ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ယန်ချန်မြို့ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာနက ပြောကြားသည်။

အသက်အန္တရာယ်မရွေးဖြစ်တတ်

ဂျပန် ဦးနှောက်အမြှေးရောင်ရောဂါသည် အသက်အရွယ်မရွေး ဖြစ်တတ်ပြီး တုပ်ကွေးကဲ့သို့သော ဝေဒနာခံစားရခြင်း စတင်ဖြစ်ပွားရာမှ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွားခြင်း ဖြစ်သည်။

ယခုအခါ ယန်ချန်မြို့စီရင်စု ၁၃ နေရာတွင် လူကိုးဦး၌လည်း ရောဂါဖြစ်ပွားလျက်ရှိကြောင်း ယန်ချန်မြို့ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အမည်မသိရောဂါကြောင့် ဗီယက်နမ်၌ နွားများသေဆုံး

ဟန္နိုင်း ဩဂုတ် ၁၄

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကုန်းမြေမြင့်ပိုင်းဖြစ်သည့် ကွန်တမ်းပြည်နယ်၌ အနည်းဆုံး နွားခြောက်ကောင်မှာ အမည်မသိရောဂါဖြင့် ရုတ်တရက် သေဆုံးသွားကြောင်း၊ ထိုနွားများ၏ အသည်းများ ပျက်စီးနေသည်ကို တွေ့ရကြောင်း ဒေသထုတ်သတင်းစာဖြစ်သည့် လေဘာသတင်းစာက ဩဂုတ် ၁၁ ရက်၌ ဖော်ပြသည်။

သေဆုံးခဲ့သည့် နွားများသည် ပုံမှန်ဖြစ်လေ့ဖြစ်ထရှိသော ရောဂါလက္ခဏာများကိုမတွေ့ရကြောင်း တာဝန်ရှိသူ ငုယင်ဗန်ဗု၏ ပြောကြားချက်ကို ၎င်းသတင်းစာက ကိုးကားဖော်ပြသည်။ ယင်းနွားများမှာ ခွာနာလျှာနာ ဖြစ်ခြင်းကြောင့် သေဆုံးခြင်း မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ခွာနာလျှာနာ ရောဂါဖြစ်ပွားနေဆဲဖြစ်ပြီး ပြည်နယ်နှင့် မြို့ကြီး ၁၄မြို့တို့၌ ရောဂါထိန်းချုပ်ရေးဌာန ၁၂၉ခုထူထောင်ထားကြောင်း သိရသည်။ ထိုရောဂါသည်နွားနှင့်ကျွဲအကောင် ၅၄၀၀၊ ဝက်၂၀၀ခန့် ကူးစက်ခံရကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ တိရစ္ဆာန်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

သတ်မှတ်မိုင်နှုန်းထက် ပို၍မောင်းနှင်သော ယာဉ်မောင်း ဒဏ်ငွေပေးဆောင်ရ

အရီဇိုးနား ဩဂုတ် ၁၄

အမေရိကန် အရီဇိုးနားပြည်နယ်မှ အပေါင်စာချုပ်ပွဲစား ဖရန်စီကာ ဆီနာရိုသည် ကားမောင်းရာတွင် သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းနှင်မှုကြောင့် ငါးလအတွင်း စကော့ဒ်ဒဲရဲဌာနမှတ်တမ်း၌ ဆင့်ခေါ်စာ၇၀ရှိပြီးဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဩဂုတ် ၁၁ရက်၌ ပြောကြားသည်။

ရိုက်ယူ

မတ် ၂ရက်မှ ဇူလိုင် ၃၁ရက်အတွင်း ဆီနာရို၏ ရိုက်ဟွန်ဒါဆီဗစ်ကာသည် မြို့အတွင်းသို့ ဖြတ်သန်းသွားစဉ် ပိုနစ်ဒေသ စကော့ဒ်ဒဲရှိ သတ်မှတ်ရှိန်ထက် ကျော်လွန်မောင်းနှင်သော မှတ်တမ်းကင်မရာဖြင့် ဓာတ်ပုံများ ရိုက်ယူထားခဲ့သည်။

သို့ရာတွင် ဆီနာရိုသည် ဆင့်ခေါ်စာများကို ဒဏ်ငွေမပေးဆောင်ချင်၍ လွှတ်ပစ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သိမ်းဆည်းခံရ

ထို့ကြောင့် ဆီနာရိုသည် ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၁၁,၀၀၀ ပေးဆောင်ရမည်ဖြစ်ပြီး ယာဉ်မောင်းလိုင်စင်ပါ သိမ်းဆည်းခံရမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အာရှအစားအစာပြိုင်ပွဲ

မုန့်စားပြိုင်ပွဲ ဝင်ရောက်ဆင်နွှဲနေသူတစ်ဦးကို တွေ့ရစဉ်။ (အပေါ်ပုံ)

ဟောင်ကောင်တွင် ကျင်းပသည့် အာရှအစားအစာပြိုင်ပွဲတွင် တောင်ကိုရီးယားအမျိုးသမီး သောမတ်ခ်ဝမ်က သတ်မှတ်ထားသော မုန့် ၁၇ခုကို သတ်မှတ်ထားသည့် ၁၂မိနစ်အတွင်း အပြီးစားနိုင်ခဲ့သဖြင့် ပထမဆုရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲသို့ အာရှနိုင်ငံအများအပြားမှ ပြိုင်ပွဲဝင်များ ပါဝင်ဆင်နွှဲခဲ့ကြသည်။

(အင်တာနက်)

ကမ္ဘာ့လူအများဆုံး အပြေးပြိုင်ပွဲ

ကမ္ဘာပေါ်တွင် လူအများဆုံး အပြေးပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲနေသူများကို တွေ့ရစဉ်။ (အောက်ပုံ)

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ဩဂုတ်၁၃ရက်ကကျင်းပသည့် ဆစ်ဒနီမြို့ နှစ်ပတ်လည်အပြေးပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲသူ ၆၃၀၀၀ရှိရာ ကမ္ဘာပေါ်၌ လူအရေအတွက်အများဆုံး အပြေးပြိုင်ပွဲတစ်ရပ်ဖြစ်ကြောင်းသိရသည်။ (၎င်းအပြေးပြိုင်ပွဲကို ၁၉၇၁ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။) **(အင်တာနက်)**

✡ *ကျောဖုံးမှ*

ဆွေးနွေး

ညီလာခံတွင် အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ သုတေသနစာတမ်းများ တင်သွင်းခြင်း၊ အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး ဖော်ထုတ်တွေ့ရှိချက်နှင့် သုတေသနပြုမှုများ၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေး



ညီလာခံတွင် ကုလသမဂ္ဂ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာ စီမံခန့်ခွဲရေးညွှန်ကြားရေးမှူး ပီတာပေါ့တ်က အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးဆိုင်ရာ သုံးသပ်ချက်များကို ပြောကြားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နှင့် အသိပညာပေးနှိုးဆော်ရေးများ၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးအတွက် လှူဒါန်းငွေများ ရရှိရေးနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ အစိုးရမဟုတ်သော လူမှုရေးနှင့် စီးပွားရေးအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက် အကောင်အထည်ဖော်သွားကြရေးတို့ကိုဆွေးနွေးကြလျက်ရှိသည်။

အသိပညာပေး

ကမ္ဘာပေါ်တွင် အေအိုင်ဒီအက်စ်ရောဂါကို ဖြစ်ပွားစေသော အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားခြင်းကို ကာကွယ်တားဆီးရာတွင် အသိပညာပေးခြင်း၊ ကာကွယ်တားဆီးရေးနည်းလမ်းကို ပြည်သူများအတွင်း ထဲထဲဝင်ဝင် သိစေရန် ယခုထက်ပိုမို ဆောင်ရွက်ကြရေး ကိုလည်း ညီလာခံ တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

လှူဒါန်း

(၁၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အေအိုင်ဒီအက်စ် ညီလာခံ အဖွင့်နေ့ဖြစ်သည့် ဩဂုတ် ၁၃ရက်၌ ပင် ဘီလ်ဂိတ်က အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးအတွက် အလှူငွေ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ လှူဒါန်းခဲ့သည်။ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးတွင် ယခုထက်ပိုမိုပြီး အားသွန်ခွန်စိုက် ကြိုးစားကြရေးကိုလည်း ညီလာခံသို့ ကိုယ်တိုင်တက်ရောက်နေသည့် ဘီလ်ဂိတ်က တိုက်တွန်း ဆော်ဩလိုက်သည်။ ဘီလ်ဂိတ်သည် အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးအတွက် ၁၉၉၅ ခုနှစ်က အလှူငွေ အမေရိကန်ဒေါ်လာ ၁၁သမ ၉ဘီလီယံလှူဒါန်းခဲ့သူ ဖြစ်သည်။

၂၅ နှစ်ပြည့်မြောက်ခဲ့ပြီ

ကမ္ဘာတွင် အေအိုင်ဒီအက်စ်ရောဂါ စတင်တွေ့ရှိခဲ့သည်မှာ ၂၅နှစ်ရှိခဲ့ပြီဖြစ်သည်။ ယခု ၂၀၀၆ခုနှစ်သည် အေအိုင်ဒီအက်စ် ရောဂါဖြစ်ပွားမှုကို သိရှိရသည့် သက်တမ်း ၂၅နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးရသူ ၂၅သန်းကျော်ရှိခဲ့ပြီဖြစ်သည့် နှစ်လည်းဖြစ်သည်။

အစီရင်ခံစာဖော်ပြ

ထို့အတူ ကမ္ဘာပေါ်တွင် လက်ရှိအချိန်၌ အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားစေသည့် အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ကူးစက်ခံနေရသူပေါင်း ၆၅ သန်းခန့်ရှိနေကြောင်း၊အများဆုံးမှာမိန်းကလေးငယ်များနှင့် အမျိုးသမီးများတွင်ဖြစ်ပြီး ဖြစ်ပွားရာအများဆုံးဒေသမှာ အာရှ၊ ပစိဖိတ်နှင့် အာဖရိကတိုက်တို့တွင်ဖြစ်ကြောင်း ညီလာခံသို့ တင်သွင်းသည့် အစီရင်ခံစာတစ်စောင်၌ ဖော်ပြသည်။

ဖြစ်ပွားနေ

ယခု (၁၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အေအိုင်ဒီအက်စ် ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ကနေဒါနိုင်ငံ၌ပင် အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေမှာ ခုနစ်သန်း ခန့်ရှိနေသည်ဟု အဆိုပါ အစီရင်ခံစာ၌ ဖော်ပြထားသည်။ အထူးသဖြင့် အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ကူးစက်ခံရသူများမှာ ကမ္ဘာ့ဆင်းရဲသော နိုင်ငံများရှိ အမျိုးသမီးများတွင်ဖြစ်ကြောင်း၊ အာဖရိက ဆာဟာရဒေသခွဲတွင်ရှိသော ကလေးငယ် ၁၃သန်းသည် အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ကူးစက်ခံရနေသူများဖြစ်ကြောင်း၊ ထို့အတူ ကနေဒါ၊ နော်ဝေ၊ ဆွီဒင်၊ ဒိန်းမတ်နှင့် အိုင်ယာလန်တို့တွင် အသက် ၁၈နှစ်အောက်လူငယ်များ၌ အဖြစ်များလျက် ရှိကြောင်း ညီလာခံသို့ တက် ရောက်နေသော အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ စတီဖင်ဖောင်ဒေးရှင်း ကိုယ်စားလှယ်က ပြောကြားသည်။

ဟန့်တားတိုက်ဖျက်ရေး

အေအိုင်ဒီအက်စ်ရောဂါဟန့်တားတိုက်ဖျက်ရေးတွင် ဆင်းရဲနွမ်းပါးမှုနှင့် အနေအထိုင် မဆင်ခြင်မှုတို့က အတားအဆီးသဖွယ် ဖြစ်နေကြောင်း၊ အေအိုင်ဒီအက်စ်ရောဂါသည် အချိန်နှင့်အမျှ ခြိမ်းခြောက်နေသော ရောဂါဆိုးဖြစ်ကြောင်း၊ ကွန်ဒုံးသုံးစွဲမှုကို အလေ့အထတစ်ရပ်သဖွယ်ဖြစ်အောင် အသုံးပြုကြရေးကို ဆောင်ရွက်ကြရန်လိုအပ်သည်ဟု ညီလာခံက တိုက်တွန်းလိုက်သည်။

အခက်အခဲ

အေအိုင်ဒီအက်စ်ရောဂါကာကွယ်တားဆီးရေးအတွက် စီမံကိန်းချမှတ်အကောင်အထည်ဖော်ခဲ့ရာ၌ အေအိုင်ဒီအက်စ်ရောဂါ ဟန့်တားကာကွယ်ရေးဆိုင်ရာ ဆေးဝါးထုတ်လုပ်မှု သုတေသနလုပ်ငန်းများကိုလည်း နက်နက်ရှိုင်းရှိုင်း လုပ်ကိုင်သွားရန်လည်း လိုအပ်ချက်များရှိနေဆဲဖြစ်သည်။ လက်ရှိအချိန်၌ ထုတ်လုပ်ထားသော အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှုဟန့်တားရေးဆိုင်ရာ ဆေးဝါးများမှာလည်း ဈေးနှုန်းကြီးမြင့်လွန်းသည်ဖြစ်ရာ ဆင်းရဲနွမ်းပါးသော ဝေဒနာရှင်များအတွက် အခက်အခဲတစ်ရပ်ဖြစ်နေသည်။

သုတေသနပြု

၂၀၀၀ ပြည့်နှစ်က ဖော်ထုတ်ခဲ့သော အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးကို တိုက်ဖျက်သည့်ဆေးဝါးကို ထုတ်လုပ်ခဲ့သော်လည်း အနည်းဆုံးကုန်ကျငွေမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကျော် ကုန်ကျမည်ဖြစ်ရာ ကုန်ကျစရိတ်များပြားလွန်းနေသည်။ အာရှနှင့်အာဖရိကတိုက် နိုင်ငံများရှိ ဆင်းရဲနွမ်းပါးသော ဝေဒနာရှင်များအတွက် အနာဂတ်တွင် ဈေးနှုန်းချိုသာသော ဆေးဝါးများထုတ်လုပ်

အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာ ထုတ်လုပ်ထားသော ဆေးဝါးများကို ဩဂုတ် ၁၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ရန် ကြိုတင်လေ့လာသုတေသနပြုမှုများ ပြုလုပ်နေပြီဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)အနေဖြင့် ၂၀၀၅ခုနှစ်ကုန်အထိ ဖွံ့ဖြိုးဆဲနိုင်ငံများမှ အေအိုင်ဒီအက်စ် ဝေဒနာရှင်သုံးသန်းအတွက် ဆေးဝါးကုသမှုများကို ပံ့ပိုးပေးနိုင်ခဲ့ရာ ၂၀၁၀ပြည့်နှစ်တွင် အေအိုင်ဒီအက်စ် ဝေဒနာရှင် ၁၀သန်းခန့်ကို ဆေးဝါးနှင့်ကုသမှုများဖြည့်ဆည်းထောက်ပံ့ပေးနိုင်ရန် စီစဉ်ထားသည်။

ဆေးဝါးများ

အေအိုင်ဒီအက်စ် ဝေဒနာရှင်တစ်ဦးအတွက် ဆေးသုံးစွဲကုသရာတွင် ဒေါ်လာ ၃၀၀ခန့်သာ ကုန်ကျ

အသက်သာဆုံး

၁၉၉၀ ပြည့်နှစ်လယ်ခန့်မှ စတင်ကာ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ ဆေးအမျိုးအစားပေါင်း တစ်ဒါဇင်ခန့် ထုတ်လုပ်ခဲ့ရာတွင် အချို့ဆေးဝါးများသည် ကိုယ်ခန္ဓာအတွင်းရှိ အိပ်ချ်အိုင်ဗွီဗိုင်းရပ်စ် တိုးပွားမှုကို ထိရောက်ဟန့်တားနိုင်သော်လည်း ဈေးနှုန်းမြင့်မားလျက်ရှိသည်ဖြစ်ရာ အနာဂတ်ကာလတွင် အသက်သာဆုံးနှုန်းဖြင့် ဝေဒနာရှင်တိုင်း အသုံးပြုနိုင်ရန်လည်း ဆောင်ရွက်ကြမည်ဖြစ်သည်။

နိုင်ရန် အသက်သာဆုံး ဆေးဝါးများကို ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းနှိုးဆော်ထားသည်။ ။

(ကိုးကား–အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက်
(အဖိတ်နေ့)
၁၅–၈–၂၀၀၆ရက်(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ကဗျာပန်းဥယျာဉ်
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	ထပ်ဆင့်အောင်ပွဲ ဧရာဝတီတံတား(ဒေးဒရဲ)
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဉ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(ပထမဆု) (အထက–၁၊ လသာ) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၅	၆။	ခံစားနားဆင် တေးဓာတ်ဝင်
၁၇း၂၅	၇။	**"တန်ဖိုး"** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ–သက်တင်)
၁၇း၃၀	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၁၈း၅၀	၁၂။	ကြေးမုံရိပ်သွင် တေးနုယဉ်
၁၉း၀၀	၁၃။	၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) [အခြေခံပညာ ၅–၁၀နှစ်] (အမျိုးသား/အမျိုးသမီး)
၁၉း၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဇူလိုင်နံနက်ခင်း"** (အပိုင်း–၁၈)
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လှလှ"** (အပိုင်း–၂၀)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

ကမ္ဘာတစ်ဝန်းမှ စွယ်စုံကျမ်းများနှင့် သန်းပေါင်းများစွာ ကျောင်းသုံးစာအုပ်များ ပလူတိုဂြိုဟ်၏အနေအထားကြောင့် ပြန်လည်ပြုပြင်ရိုက်နှိပ်ရဖွယ်ရှိနေ

အင်တာနက် အထူးသတင်းနှင့် ဓာတ်ပုံ

ချက်သမ္မတနိုင်ငံ ပရာဟာမြို့တော်၌ ယမန်နေ့စတင်ဖွင့်လှစ်သည့် အစည်းအဝေးသို့ နိုင်ငံတကာ နက္ခတ္တဗေဒပညာရှင်များနှင့် သိပ္ပံပညာရှင်များ စုစုပေါင်း၃၀၀၀ခန့်တက်ရောက်ကြသည်။

ယင်းအစည်းအဝေးက ၁၉၃၀ပြည့်နှစ်တွင် ပထမဆုံးတွေ့ရှိသည့် ပလူတိုဂြိုဟ်၏ ပြဿနာကို ဖြေရှင်းနိုင်မည်ဟု နိုင်ငံတကာနက္ခတ္တပညာရှင်များသမဂ္ဂက မျှော်မှန်းထားသည်။

သဘောထားကွဲ

မိမိတို့နေစကြာဝဠာစနစ်အတွင်း ပိုဝေးပြီး အခြားဂြိုဟ်ကြီးရှစ်လုံးထက် ပိုမိုသေးငယ်သည့် ပလူတိုအနေဖြင့် လက်ရှိအတိုင်း နဝမမြောက်ဂြိုဟ်အဖြစ်ထားရေး၊ မထားရေးတွင် ပညာရှင်များအကြား သဘောထားကွဲလျက်ရှိသည်။

တိုင်းထွာသိရှိ

အမေရိကန်နက္ခတ္တပညာရှင်တစ်ဦးက ပလူတိုထက်ကြီးသည့် ဂြိုဟ်သဏ္ဍာန်အရာတစ်ခုကို တွေ့ထားသည်။ ချစ်စနိုးအခေါ် "ဇေနာ"ဟူသော ၂၀၀၃ယူဘီ ၃၁၃ဂြိုဟ်သည် အချင်း ကီလိုမီတာ၃၀၀၀ရှိပြီး ပလူတို၏အချင်းမှာ ကီလိုမီတာ၂၃၆၀ သာရှိကြောင်း တိုင်းထွာသိရှိထားသည်။

ဆုံးဖြတ်ရမည်

ယခုအခါ အစည်းအဝေးသို့တက်ရောက်လာသော ကိုယ်စားလှယ်များအနေဖြင့် ဂြိုဟ်၏ အနက်အဓိပ္ပာယ်ကို ပထမဆုံး ဖွင့်ဆိုအတည်ပြုရမည်ဖြစ်သကဲ့သို့ ပလူတိုဂြိုဟ် နေစကြာဝဠာ၌ နေကို ဗဟိုပြု လည်ပတ်နေသောဂြိုဟ်များ၏ တရားဝင်စာရင်းတွင် မည်သည့်နေရာ၌ထားရှိမည်ကို ဆုံးဖြတ်ကြရမည်ဖြစ်သည်။ အစည်းအဝေးကို ၁၂ရက်တိုင် ကျင်းပမည်ဖြစ်သည်။ ပလူတိုဂြိုဟ်ကို မူလနေရာမှဖယ်ရှားပြီး ပြုပြင်သတ်မှတ်မည်ဆိုလျှင်လည်း ကမ္ဘာတစ်ဝန်းရှိ စွယ်စုံကျမ်းများနှင့် သန်းပေါင်းများစွာသော ကျောင်းသုံးစာအုပ်များကို မည်သို့အကျိုးသက်ရောက်နိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားကြရမည့် အနေအထားရှိသည်။ **(ကိုးကား–အင်တာနက်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ပညာပေးဟောပြောပွဲ အထက(၁) သန်လျင်၌ကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ကျန်းမာရေးပညာပေးဟောပြောပွဲကို ဩဂုတ် ၁၁ရက် မွန်းလွဲပိုင်းက သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းနှင့် ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပညာရေးဌာနနှင့် ကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ကျန်းမာရေးပညာပေးဟောပြောပွဲကို သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်နွယ်နွယ် ကျန်းမာရေး ပညာပေးဟောပြောပွဲ ကျင်းပရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားစဉ်။ (မိခင်/ကလေး)

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်နွယ်နွယ်က ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲ ကျင်းပရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် ဒေါ်သဇင်နွယ်က ကိုယ်ရည်ကိုယ်သွေး အစ တစ်ကိုယ်ရေကျန်းမာရေးက ဟူသောအကြောင်းကို လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးက ကျောင်းကျန်းမာရေးနှင့် ပတ်သက်၍ စင်လေးစင်အကြောင်း ပညာပေးဟောပြောခြင်းနှင့် ဆန်းစစ်ခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ကာ ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်နွယ်နွယ်က ဆုများချီးမြှင့်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြွယ်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ဖခင်ကြီး ဦးသိန်းမောင်အား ရည်စူး၍ ဇနီး ဒေါ်ရှာမလာဒေဝီ၊ သား၊သမီးများ အမှတ်၁၀ မာလာမြိုင်လမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မိသားစုက အလှူတော်ငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော် မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အရှင်ကောသလ္လ(B.A) ရှေ့မှောက်၌ တာဝန်ခံကိုမျိုး (ဗုဒ္ဓဂယာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပိတောက်ပင်လမ်း အမှတ် ၈၆နေ ဦးသိန်းလှိုင်-ဒေါ်ခင်မြိုင်၊ သား မောင်မိုးမြင့်၊ သမီး မစုစုလှိုင်မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ မျက်နှာစုံညီအစည်းအဝေးကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ နှစ်ပတ် မျက်နှာစုံညီအစည်းအဝေးကို ဩဂုတ် ၁၈ရက်(သောကြာနေ့) နံနက်၉နာရီမှစတင်၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမတွင် ကျင်းပမည်ဖြစ်ရာ ဆေးပညာရှင် အဖွဲ့ဝင်များအနေဖြင့် နံနက် ၈ နာရီမှ စတင်မှတ်ပုံတင်နိုင်သည်။

၎င်းအပြင် ဆေးပညာရှင်အဖွဲ့၏ ဆေးသိပ္ပံကျွမ်းကျင်မှုဆိုင်ရာ ဆွေးနွေး ဟောပြောပွဲအဖြစ် "Academic Consultation on Conquest of Scourges:-Post Elimination/Eradication Strategies for Sustenance of Activities"ကို နံနက် ၁၁နာရီတွင် စတင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၅-၈-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ ပညာခေတ်
၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၄၅)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ ရုပ်မြင်သံကြားဇာတ်လမ်း **"မြင့်မြတ်နှလုံးသား"** လွင်မိုး၊ ထက်ထက်မိုးဦး၊ စိုးမြတ်သူဇာ

ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၁၆)ထွက်ပြီ

ရန်ကုန် ဩဂုတ် ၁၄

ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၁၆)ကို ဩဂုတ် ၁၅ရက် **(ယနေ့)** ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(အောက်ပုံ)**

ယခုအပတ်ဂျာနယ်တွင် သီးနှံမျိုးကူးစပ် ပေးနိုင်သော ပိုးမွှားများ တိုးပွားရေး၊ ငရုတ်ပင်စိုက်ပျိုးနည်း၊ ပြောင်းဖူးစိုက်တတ်လို့ အမွေရတဲ့ ချွေးမ၊ တော်သလင်းလနှင့် တောင်သူဦးကြီးတို့ လုပ်ငန်း၊ ပဲတီစိမ်းစိုက်ပျိုးဝင်ငွေတိုး၊ ပဲမျိုးစုံနှင့်မြန်မာ့ဂုဏ်၊ မျိုးစေ့များအပင်ပေါက်မြန်စေသောနည်း၊ ကျေးရွာတိုင်းစာကြည့်တိုက်ရှိသည့်နိုင်ငံ၊ ပျားရည်တစ်စက် လူ့တစ်သက်၊ တိရစ္ဆာန်များဆင့်ပွားအလှူ၊ တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သောရောဂါများ၊ စီးပွားဖြစ်ငုံးမွေးမြူရေး၊ စုဘူးနှင့် ဒို့ကျေးရွာ အရဏ်ဦးစသည့် ကျေးလက်ပြည်သူတို့ ဗဟုသုတ ဖြစ်ဖွယ်ဆောင်းပါးများ၊ သတင်း၊ ဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်း စသည်ဖြင့် သုတ၊ ရသစုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ဝယ်ယူရရှိနိုင်ပြီး ဂျာနယ်အတွက်စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ အလှူငွေကျပ်ရှစ်သိန်းပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင်၌ ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ၂၉ လမ်း ဒေါင်းရိုးရပ်နေ ဘုရားအမကြီး ဒေါ်ကြီးကြီးအားအမှူးထား၍ သား ဦးပေါ၊ သမီး ဒေါ်အုန်းခင်၊ မြေး ဒေါ်စိန်မေ၊ ဗိုလ်မှူးကြီး အုန်းမောင်မောင်၊ ဦးမောင်ဖေ၊ ဒေါ်လှမေမြင့်၊ မြစ်-မေသူဖေ၊ အာကာဖေ၊ဝေယံဖေ မိသားစုတို့က အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်သို့ တစ်နေ့တာ ဆွမ်းအလှူတော်အတွက် ငွေကျပ် နှစ်သိန်း၊ ပညာရေး ပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်း၊ နဝကမ္မ အထွေထွေအတွက် ငွေကျပ်နှစ်သိန်း စုစုပေါင်း ငွေကျပ်ရှစ်သိန်းကို လှူဒါန်းရာ ဌာနမှူး (စီမံ/ဘဏ္ဍာ) ဦးရဲငြှေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်သည်။

ရေစက်သွန်းချ

အခမ်းအနားသို့ ပါမောက္ခချုပ်ဆရာတော် အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4

ရုပ်မြင်သံကြားအစီအစဉ်

၁၅-၈-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ သူတို့ပြောတဲ့သူတို့အကြောင်း (ကာတွန်းမြင့်သိန်း)
၇:၃၅ တေးဂီတအစီအစဉ်
၇:၄၀ လေးကျွန်းမာန်အောင်စေတီတော် (သောတာပန်ရပ်၊ စစ်ကိုင်းမြို့နယ်)
၇:၅၀ တေးဂီတအစီအစဉ်
၇:၅၅ ချစ်စရာ့ကျေးလက်ဓလေ့နှင့် မိရိုးဖလာအိုးလုပ်ငန်း
၈:၀၀ ပြည်တွင်းသတင်းအကျဉ်း
၈:၁၀ တေးဂီတအစီအစဉ်
၈:၁၅ လန်းဆန်းတက်ကြွကလေးဘဝ (စုမေ)
၈:၂၅ မိုးလေဝသခန့်မှန်းချက်
၈:၃၀ တေးဂီတအစီအစဉ်
၈:၃၅ စိတ်ဝင်စားစရာ မြန်မာ့ပုလဲရတနာ(အပိုင်း-၁)
၈:၅၅ မြောက်ဦးခေတ်နှင့်ရှစ်သောင်းပုထိုးတော်
၉:၀၅ တေးဂီတအစီအစဉ်
၉:၁၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၁၅ Sunday Talk
၁၀:၀၅ တေးဂီတအစီအစဉ်
၁၀:၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၂၅ အောင်မြင်ရှင်သန်နေသော ရော်ဘာစိုက်ခင်းရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ
၁၀:၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၅ တေးဂီတအစီအစဉ်
၁၀:၄၀ ရောင်းမယ်၊ ဝယ်မယ် (မေသဉ္ဇာဦး၊ ခင်လေးနွယ်)
၁၀:၅၅ နိုင်ငံတကာအနုပညာရေးရာ
၁၁:၁၅ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ
၁၁:၃၅ တေးဂီတအစီအစဉ်
၁၁:၄၀ သံချည်သံကွေးအတတ်ပညာ (အပိုင်း-၁)
၁၁:၅၀ ဆုရအက
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ MRTV -4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Euro Qualifiers (Under 21)ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၁:၃၀	England-Moldova	5-Sports(Live)

■ ရှေ့ဖုံးမှ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် ညောင်ပင်သာ တိုက်နယ်ဆေးရုံ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်စိန်တို့က တိုက်နယ်ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ညောင်ပင်သာတိုက်နယ်ဆေးရုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့သည် အဖွဲ့ဝင်များနှင့်အတူ တိုက်နယ်ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဆေးကုသမှုခံယူနေကြသော လူနာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

တိုးမြှင့်ဆောင်ရွက်

ယင်းနောက် အခမ်းအနားကို တိုက်နယ်ဆေးရုံအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကား ပြောကြားရာတွင် ကျန်းမာရေးကဏ္ဍအနေဖြင့် ဖြူးမြို့နယ်အတွင်း၌ ခုတင်(၅၀) ဆံ့ မြို့နယ်ဆေးရုံ၊ ဇေယျဝတီ တိုက်နယ်ဆေးရုံ၊ ကညွတ်ကွင်းတိုက်နယ်ဆေးရုံနှင့် ယခု ညောင်ပင်သာ တိုက်နယ်ဆေးရုံတို့ အသီးသီးရှိလာပြီ ဖြစ်သည့်အတွက်ကျေးလက်နေပြည်သူ လူထု၏ ကျန်းမာရေးကို တိုးမြှင့် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း။

လွှမ်းခြုံမြှင့်တင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် အဓိကကျသော အခန်းကဏ္ဍက ပါဝင်လျက်ရှိသဖြင့် နိုင်ငံတော်က နယ်စပ်ဒေသရှိ အစွန်အဖျားများပါမကျန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျန်းမာရေးလုပ်ငန်းများကို လွှမ်းခြုံမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အောင်မြင်စွာဖွင့်လှစ်

ညောင်ပင်သာတိုက်နယ်ဆေးရုံ ဖြစ်မြောက်ရေးအတွက် နိုင်ငံတော်က ခွင့်ပြုရန်ပုံငွေကျပ် ၁၅၅ သိန်းနှင့် စေတနာရှင်များ၊ ဒေသခံပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၂၅၀ စုစုပေါင်း ငွေကျပ် ၄၀၅ သိန်းဖြင့် အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခြင်း၊ ညောင်ပင်သာတိုက်နယ်ဆေးရုံ၏ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်သိန်းနှစ်ဆယ့်ငါးသောင်းမတည် ဆောင်ရွက်နိုင်ခြင်းတို့သည် နိုင်ငံတော်အစိုးရ၊ စေတနာရှင်များနှင့် ပြည်သူလူထုများ တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်မှုများကြောင့်ပင် ဖြစ်ကြောင်း။

ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး

ညောင်ပင်သာတိုက်နယ်ဆေးရုံကို အမြဲသန့်ရှင်းသပ်ရပ်စွာဖြင့် တည်တံ့ရေး၊ ဆေးပဒေသာပင် အလှူငွေများ တိုးပွားအောင် ဆောင်ရွက်ကြရေးနှင့် မိမိကျေးရွာ၊ မိမိမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ကောင်း စေတနာများဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ညောင်ပင်သာ တိုက်နယ်ဆေးရုံသစ် ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဌေးအောင်က ရှင်းလင်းတင်ပြပြီး တိုက်နယ်ဆေးရုံသစ်နှင့် သက်ဆိုင်သည့် စာရင်းဇယား စာရွက်စာတမ်းများကို ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက်ညောင်ပင်သာ တိုက်နယ်ဆေးရုံသစ်အတွက် ဆေးပဒေသာပင်များကို လှူဒါန်းကြရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဆေးပဒေသာပင်အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ ဖြူးမြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ လှူဒါန်းငွေကျပ် ငါးသိန်း၊ ဌာနဆိုင်ရာများမှ လှူဒါန်းငွေကျပ် ငါးသိန်းငါးသောင်း၊ ဒေသခံအလှူရှင်များ၊ ရပ်ဝေးအလှူရှင်များ၏ လှူဒါန်းငွေများကို အလှူရှင်များကိုယ်စား ကိုယ်စားလှယ်များက ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ကျေးဇူးတင်စကား

ယင်းနောက် ညောင်ပင်သာ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်လှိုင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါတိုက်နယ်ဆေးရုံ ပင်မအဆောက်အအုံ၏အလျားမှာ ၁၂၈ပေ၊ အနံ ၃၆ ပေဖြစ်ပြီး (၁၆)ခုတင် ဆံ့ဆေးရုံဖြစ်ကာ ခွဲစိတ်ဆောင်ပါ ပူးတွဲပါရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့သည် အဖွဲ့ဝင်များနှင့်အတူ ရေတာရှည်မြို့နယ် သာဂရ၌ ကျင်းပသည့် ခြစည်းရိုးကြက်ဆူပင်ဧက ၁၀၀ စိုက်ပျိုးပွဲသို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သန်းက မြို့နယ်အတွင်း ခြစည်းရိုးကြက်ဆူပင် ၁၂၄၈ဧက စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ ကြက်ဆူပင်များကို ဝေငှပေးအပ်ကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ခြစည်းရိုးကြက်ဆူပင်များကို သတ်မှတ်နေရာများတွင် စတင်စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ စုပေါင်းကြက်ဆူပင် စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဖြူးမြို့နယ် ညောင်ပင်သာတိုက်နယ်ဆေးရုံသစ်တွင် ဆေးကုသမှုခံယူနေကြသော လူနာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် ညောင်ပင်သာတိုက်နယ်ဆေးရုံ ဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးတင်စိန်တို့ ညောင်ပင်သာတိုက်နယ်ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသွားများ ပြင်ဦးလွင်မြို့ကို ကြိုက်နှစ်သက် လုပ်ငန်းရှင်များ ညီညွတ်စွာအောင်မြင်ရေး ဖေးမဆောင်ရွက် တစ်နှစ်ထက်တစ်နှစ် ဝင်ငွေတိုးတက်အောင်စွမ်းဆောင်

နေပြည်တော် ဩဂုတ် ၁၄

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့နှင့်အတူ ဩဂုတ်၁၂ ရက်က ပြင်ဦးလွင်မြို့ရှိ နန်းမြိုင်ဟိုတယ်သို့ရောက်ရှိ၍ ပြင်ဦးလွင်မြို့ပေါ်ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ နန်းမြိုင်ဟိုတယ်မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မျှတအောင်ကျင့်ကြံ

ရှေးဦးစွာ ဝန်ကြီးက ပြင်ဦးလွင်မြို့သည် ကမ္ဘာလှည့်ခရီးသွားများ ကြိုက်နှစ်သက်သည့် ဒေသတစ်ခုဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် တစ်နှစ်ထက်တစ်နှစ် ဝင်ငွေတိုးပွားအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းရှင်အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းများ အောင်မြင်အောင် ဖေးမ ဆောင်ရွက်ကြရန် လိုကြောင်း၊ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာပြီး ဥပဒေဘောင်အတွင်းမှ လုပ်ငန်းများ အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ စေတနာကို တုံ့ပြန်သောအားဖြင့် မိမိရည်မှန်းချက် တာဝန်များကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ကြစေလိုကြောင်းနှင့် မိမိရရှိသည့် ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် ကျင့်ကြံအားထုတ်ကြရန် လိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသော အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မိမိတို့ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ထူးထရေးဒင်းကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသော ဘုရင်ခံများနေအိမ် (၁၉၀၅–၁၉၄၈) ပြန်လည် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာ ဒေါ်ခင်ချိုလတ်က လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြားဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ ဒေလီယာမိုတယ်သို့ ရောက်ရှိကြပြီးအခန်းများ ပြင်ဆင်ထားရှိမှုနှင့် ဝန်ထမ်းများ ဝန်ဆောင်မှုပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၃ ရက်တွင် ပြင်ဦးလွင်မြို့ရှိ National Landmarks Garden တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြ၍ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးသည် အမျိုးသား ကန်တော်ကြီးဥယျာဉ်အတွင်းရှိ နန်းမြင့် မျှော်စင်နှင့် သဘာဝ ငှက်ဥယျာဉ်တို့ကို လှည့်လည်ကြည့်ရှုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိကာယ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဩဂုတ် ၁၄

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက (၁၄)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၆၅ ဌာနတို့၌ ကျင်းပခဲ့ရာ ယနေ့တွင် အောင်စာရင်း ထုတ်ပြန်ကြေညာသည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်း ငါးကျမ်း ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် အပါး ၂၃၀၊ လေးကျမ်းအောင်၂၃၃ပါး၊ သုံးကျမ်းအောင် ၃၁၄ပါး၊ နှစ်ကျမ်းအောင် ၃၁၂ပါး၊ တစ်ကျမ်းအောင် ၄၃၂ပါးတို့ဖြစ်ကြသည်။

ဝိနည်းငါးကျမ်းအောင်

ဝိနည်းငါးကျမ်းအောင် အပါး ၂၃၀အနက် ပထမ ခုံအမှတ် (ဗဟ-၁၁၁) ရှင်ပညာသီဟာလင်္ကာရ မဟာဝိသုဒ္ဓါရုံ(ပါ)ရွှေကျင်တိုက်သစ် ဗဟန်းမြို့နယ် ရန်ကုန်တိုင်း၊ ဒုတိယ ခုံအမှတ်(ရှိုး-၅၆) အရှင်ရေဝတ ခါးရိုး ပရိယတ္တိ စာသင်တိုက် လားရှိုးမြို့ ရှမ်းပြည်နယ်၊ တတိယ ခုံအမှတ် (သိမ်-၅) အရှင်ဇောတိဿရ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ပုသိမ်မြို့ ဧရာဝတီတိုင်းနှင့် ဝိနည်း ငါးကျမ်းအောင် သီလရှင်များအနက် သီလရှင် ပထမ ခုံအမှတ် (တပ-၁၆၇) မပုညဝတီဝံသာရာမ သီလရှင် စာသင်တိုက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းတို့ ဖြစ်ကြသည်။

အုပ်စု(၂) ဒီဃနိကာယ်(သုတ္တန္တပိဋက) သုံးကျမ်း ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်၂၃ပါး၊ နှစ်ကျမ်းအောင် ခုနစ်ပါး၊ တစ်ကျမ်းအောင် ၂၂ပါးတို့ ဖြစ်ကြသည်။

ဒီဃနိကာယ်သုံးကျမ်းအောင် ၂၃ပါးအနက် ပထမ ခုံအမှတ်(ထီလာ-၄) အရှင်ခေမာသီရိ ကိုးနဝင်းကျောင်း မိတ္ထီလာမြို့ မန္တလေးတိုင်း၊ ဒုတိယ ခုံအမှတ်(သိမ်-၁) အရှင်စန္ဒောဒယ မဟာရုံသီပရိယတ္တိစာသင်တိုက် ပုသိမ်မြို့ ဧရာဝတီတိုင်းနှင့် တတိယခုံအမှတ်(မဟမ-၂၂)အရှင် ဝိရောစန ဇယမေဒနီဝါဆိုကျောင်း မဟာဝိသုဒ္ဓါရုံတိုက် သစ် မဟာအောင်မြေမြို့နယ် မန္တလေးတိုင်းတို့ ဖြစ်ကြ သည်။

အုပ်စု(၃)မဇ္ဈိမနိကာယ (သုတ္တန္တပိဋက)သုံးကျမ်း ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ကိုးပါး၊ နှစ်ကျမ်းအောင်ငါးပါး၊ တစ်ကျမ်းအောင် ၁၀ပါး တို့ဖြစ် ကြသည်။

မဇ္ဈိမနိကာယ်သုံးကျမ်းအောင်ကိုးပါးအနက် ပထမ ခုံအမှတ်(ပန်း-၁) အရှင်သုဇာတ တံတားဦးကျောင်းတိုက် ပန်းတနော်မြို့ ဧရာဝတီတိုင်း၊ ဒုတိယခုံအမှတ်(သင်း-၁) အရှင်ပညာသာမိ စိန်းယဉ်ယဉ်ကျောင်း ရန်အောင်မင်း ကျောင်းတိုက် ရမည်းသင်းမြို့နယ် မန္တလေးတိုင်းနှင့် တတိယ ခုံအမှတ် (စက-၂)အရှင်ဉာဏိဿရ တိပိဋက နိကာယကျောင်းတိုက် မင်းကွန်း စစ်ကိုင်းတိုင်းတို့ဖြစ်ကြ သည်။

အုပ်စု(၄)သံယုတ္တနိကာယ(သုတ္တန္တပိဋက)သုံးကျမ်း ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်လေးပါး၊ နှစ်ကျမ်းအောင် သုံးပါး၊ တစ်ကျမ်းအောင် နှစ်ပါးတို့ဖြစ် ကြသည်။

သံယုတ္တနိကာယ်သုံးကျမ်း

သံယုတ္တနိကာယ်သုံးကျမ်းအောင် လေးပါးအနက် ပထမ ခုံအမှတ်(သိမ်-၂) အရှင်ကောဝိဒ ကျောင်းထိုင် ဘုန်းကြီး သင်တန်းကျောင်း ပုသိမ်မြို့ ဧရာဝတီတိုင်း၊ ဒုတိယခုံအမှတ်(စက-၂) အရှင်ဝါသေဋ္ဌ တိပိဋကနိကာယ ကျောင်းတိုက် မင်းကွန်း စစ်ကိုင်းတိုင်းနှင့် တတိယခုံအမှတ် (မုံ-၁)အရှင်သုန္ဒရ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက် မုံရွာမြို့ စစ်ကိုင်းတိုင်းတို့ ဖြစ်ကြသည်။

အုပ်စု(၅)အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက)သုံးကျမ်း ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၅၅ပါး၊ နှစ်ကျမ်းအောင် ၄၃ပါး၊ တစ်ကျမ်းအောင်၂၇ပါးတို့ ဖြစ် ကြသည်။

အင်္ဂုတ္တရနိကာယ်သုံးကျမ်းအောင် ၅၅ပါးအနက် ပထမခုံအမှတ် (စက-၁၅)အရှင်ဓမ္မရောလင်္ကာရ မြစကြာ ကျောင်းတိုက် စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်း၊ ဒုတိယ ခုံအမှတ်(ပခ-၅)ရှင်ကေလာသာလင်္ကာရ သာမဏေကျော် ပရိယတ္တိ စာသင်တိုက် ပဲခူးမြို့ ပဲခူးတိုင်း၊ တတိယ ခုံအမှတ်(မရ-၁၅) ရှင်ပညာသာရာလင်္ကာရ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် မရမ်းကုန်းမြို့နယ် ရန်ကုန် တိုင်းနှင့် အင်္ဂုတ္တရနိကာယ်သုံးကျမ်းအောင် သီလရှင်များ အနက် သီလရှင် ပထမခုံအမှတ်(စခ-၃)မမာလာသိင်္ဂီ သမိဒ္ဓေါယသုခိတာရာမ ဒေါ်ဥဏ္ဏစာရီ မြန်အောင် ကျောင်းတိုက် စမ်းချောင်းမြို့နယ် ရန်ကုန်တိုင်းတို့ဖြစ် ကြသည်။

အုပ်စု (၆) ခုဒ္ဒကနိကာယ (၁) (သုတ္တန္တပိဋက) ငါးကျမ်းတွင်တစ်ပါး ဝင်ရောက်ဖြေဆိုရာ ငါးကျမ်းအောင် တစ်ပါးဖြစ်သည်။

အုပ်စု(၈)ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) ပထမ ပိုင်းနှစ်ကျမ်း ဝင်ရောက်ဖြေဆိုသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၁၆ပါး၊ တစ်ကျမ်းအောင်ကိုးပါး တို့ဖြစ်ကြ သည်။

နှစ်ကျမ်းအောင်

ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) ပထမပိုင်းနှစ်ကျမ်း အောင် ၁၆ပါးအနက် ပထမခုံအမှတ် (နိ/တွေ-၁) အရှင်ရာဇိန္ဒ ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက် စစ်တွေမြို့ ရခိုင်ပြည်နယ်၊ ဒုတိယခုံ အမှတ်(ဒဂတ-၁) အရှင်အဂ္ဂဝံသ နိကာယ်စာသင်တိုက် ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် ရန်ကုန်တိုင်းနှင့် တတိယ ခုံအမှတ်(ရက-၁)အရှင်သုနန္ဒ ပဥ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက် ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းတို့ ဖြစ်ကြသည်။

အုပ်စု(၁)ခုဒ္ဒကနိကာယ (ဝိနယပိဋက)ဝိနည်း အဋ္ဌကထာ သုံးကျမ်း(မဟာဝိဒူတန်း)တွင် ၃၅ပါး ဝင် ရောက်ဖြေဆိုရာ တစ်ကျမ်းအောင် တစ်ပါးဖြစ်သည်။

(၁၄)ကြိမ်မြောက် နိကာယ်စာမေးပွဲ တွင် ဝိဒူတန်း အုပ်စု(၉)ခုနှင့် မဟာဝိဒူတန်းတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်သူပေါင်းမှာ ၁၇၅၈ပါးတို့ ဖြစ်သည်။

အောင်စာရင်းအပြည့်အစုံကို နိကာယ်စာမေးပွဲ စာဖြေဌာနရှိရာ မြို့နယ် သံဃနာယကအဖွဲ့များနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ ကြည့်ရှု နိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကျောက်ဖြူပညာရေး ကောလိပ်မှ အသင်းဝင်အဆိုပြုလွှာများပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (ပို့ဆောင်ရေး)

ကျောက်ဖြူမြို့ပေါ်ရှိ မူလတန်းကျောင်းများသို့ စာရေးစားပွဲနှင့်ထိုင်ခုံများလှူဒါန်း ခြံစည်းရိုးကြက်ဆူပင်များ ခရိုင်နှင့်မြို့နယ် စည်ပင်သာယာရေးစိုက်ခင်းများ၌စိုက်ပျိုး

ရန်ကုန် ဩဂုတ် ၁၄

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီး ဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့သည် ဩဂုတ် ၁၂ရက်က ရခိုင်ပြည်နယ် ကျောက်ဖြူလေဆိပ်သို့ရောက်ရှိကြရာ လေဆိပ်ခန်းမဆောင်၌ လေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လေယာဉ်ကွင်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ လေယာဉ်ပြေးလမ်း ပေ၄၆၂၀ X ၁၀၀ကို မျက်နှာပြင်ထပ်ပိုးလွှာတင်ခြင်း အခြေအနေ၊ လေယာဉ်ပြေးလမ်း အလျား ပေ ၇၀၀၀၊ အကျယ်ပေ ၁၀၀ အထိ တိုးချဲ့ခြင်း အခြေ အနေများကို လည်းကောင်း၊ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟို အလုပ်အမှုဆောင် ဝန်ကြီးတို့သည် ရမ္မာဝတီခန်းမဆောင် ၌ကျင်းပသော ကျောက်ဖြူမြို့ပေါ် ရှိ အခြေခံပညာမူလတန်းကျောင်းများ သို့ စာရေးစားပွဲနှင့် ထိုင်ခုံများလှူဒါန်း ခြင်းအခမ်းအနားသို့ တက်ရောက် ကြပြီး ရှေးဦးစွာ ဗဟိုအလုပ်အမှု ဆောင် ဝန်ကြီးက အခြေခံပညာမူလ တန်းကျောင်းများသို့ စာရေးစားပွဲများ နှင့် ထိုင်ခုံများ လှူဒါန်းရခြင်းနှင့် စပ် လျဉ်း၍ အမှာစကားပြောကြားသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အခြေခံပညာမူလတန်း ကျောင်းများသို့ စာရေးစားပွဲနှင့် ထိုင် ခုံများကိုလည်းကောင်း၊ ကျောက်ဖြူ မြို့နယ် ပြည်သူ့ဆေးရုံ၏ ဆေးပဒေ သာပင်၊ ကျောက်ဖြူမြို့နယ် အမျိုး သမီးရေးရာအဖွဲ့၊ ကျောက်ဖြူမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနှင့် ကျောက်ဖြူမြို့နယ်စစ်မှု ထမ်းဟောင်းအဖွဲ့တို့အတွက် ငွေကျပ် ငါးသိန်းစီကိုလည်းကောင်း၊ အေး ရှားလ်ဝေါလ်ကုမ္ပဏီမှ စီမံကိန်းဒါရိုက် တာဦးမောင်ကျေးက ကျောက်ဖြူမြို့ နယ် ပြည်သူ့ဆေးရုံ၏ ဆေးပဒေသာ ပင်၊ကျောက်ဖြူမြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းနှင့် မြို့နယ် စစ်မှုထမ်း ဟောင်းအဖွဲ့တို့အတွက် အလှူငွေကျပ် ငါးသိန်းစီကိုလည်းကောင်း၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးဆောင် ညွှန်ကြားရေးမှူး ဦးစိုးတင့်က ကြက်ခြေနီနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ တို့အတွက် အလှူငွေကျပ်သုံးသိန်းစီ ကိုလည်းကောင်း အသီးသီးပေးအပ် လှူဒါန်းကြရာ သက်ဆိုင်ရာတာဝန် ရှိသူများက လက်ခံကြပြီး မြို့နယ် ပညာရေးမှူး ဒေါ်တင်တင်အုန်းက ကျေးဇူးတင်စကားပြောကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဗဟို အလုပ်အမှုဆောင် ဝန်ကြီးတို့သည် ကျောက်ဖြူပညာရေးကောလိပ်သို့ ရောက်ရှိကြ၍ မဟာပညာကျော်ခန်းမ ၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ကျောက် ဖြူပညာရေးကောလိပ်မှ အသင်းဝင် အဆိုပြုလွှာများပေးအပ်ခြင်းအခမ်း အနားသို့ တက်ရောက်ကြပြီး အမှာ စကားများ ပြောကြားကြသည်။

လှူဒါန်း

ထို့နောက် အသင်းဝင်အဆိုပြုလွှာ များကို တာဝန်ရှိသူများက ဗဟိုအလုပ် အမှုဆောင်ဝန်ကြီးထံ လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျောက်ဖြူပညာရေး ကောလိပ်၏ စားရိပ်သာ ငွေပဒေသာပင်အတွက် အလှူငွေကျပ်သိန်း၂၀ကိုလည်းကောင်း၊ ချို့တဲ့သောကလေးများအတွက် ဗလာ စာအုပ်ဒါဇင်၁၀၀ကို လည်းကောင်း၊ တိုင်းမှူးက ချို့တဲ့သော ကလေးများ အတွက် ခဲတံဒါဇင် ၁၀၀ကိုလည်း ကောင်း၊ အေးရှားဝေါလ်ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာဦးမောင်ကျေးက ကျောက်ဖြူပညာရေးကောလိပ်စားရိပ် သာ၏ ငွေပဒေသာပင်အတွက် အလှူ ငွေကျပ်ငါးသိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံ ကြပြီး ကျောက်ဖြူပညာရေး ကောလိပ် မှ ဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက ကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဗဟို အလုပ်အမှုဆောင် ဝန်ကြီးတို့သည် ကျောက်ဖြူမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိကြ၍ ပြည်နယ်အသင်း အလုပ်အမှုဆောင်၊ ခရိုင်နှင့်မြို့နယ် အသင်း အတွင်းရေးမှူးများ၊ အလုပ် အမှုဆောင်များနှင့် အသင်းဝင်များ အား တွေ့ဆုံကြပြီး အမှာစကား ပြောကြားကြကာ အသင်း၏လိုအပ် ချက်များကို ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှု ဆောင်ဝန်ကြီးက မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ငွေကျပ် ၁၀ သိန်းနှင့် ကျောက်ဖြူ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ငွေကျပ် ငါးသိန်းတို့ကိုလည်းကောင်း၊ အေးရှား ဝေါလ်ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ ဦးမောင်ကျေးက မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ငွေကျပ်ငါးသိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူ အသီးသီးက လက်ခံကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီး တို့သည် ကျောက်ဖြူမြို့ ဂုံးချိန် ကျေးရွာရှိ ကံ့ကော်တောဘုရားအား သွားရောက်ဖူးမြော် ကြည်ညိုကြ၍ အလှူငွေများကို ပေးအပ် လှူဒါန်းကြပြီး ကံ့ကော်တောကျောင်းတိုက်၌ သီတင်း သုံးတော်မူနေသော သက်တော်(၉၃) နှစ်ရှိ ဆရာတော် ဘဒ္ဒန္တကုမာရ၏ ကျန်းမာရေးအခြေအနေကို မေးမြန်း ကြကာ ဝါဆိုသင်္ကန်းနှင့် အလှူငွေ များကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဝန်ကြီး တို့သည် ကျောက်ဖြူမြို့ရှိ ယပ်လှဲ ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကြ ပြီး အလယ်ကျောင်းဆရာတော် ဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဝံသအမှူးပြု သောဆရာတော်များအားဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူ ငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

စုပေါင်းစိုက်ပျိုး

တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဩဂုတ် ၁၃ ရက်တွင် ကျောက်ဖြူမြို့တောင်ရင်းရပ်ကွက်ရှိ ခရိုင်နှင့်မြို့နယ်စည်ပင်သာယာရေး စိုက်ခင်းတို့၌ပြုလုပ်သော ခြံစည်းရိုး ကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲအခမ်း အနားသို့တက်ရောက်ကြ၍ အမှာ စကားပြောကြားကြပြီး ဗဟိုအလုပ် အမှုဆောင်ဝန်ကြီးက လူမှုရေးအသင်း အဖွဲ့များအား ခြံစည်းရိုးကြက်ဆူပျိုး ပင်များကိုလည်းကောင်း၊ တိုင်းမှူးက ဌာနဆိုင်ရာများအား ခြံစည်းရိုး ကြက် ဆူပျိုးပင်များကိုလည်းကောင်း ဖြန့်ဝေ ပေးကြကာ တိုင်းမှူးနှင့် ဗဟိုအလုပ် အမှုဆောင်ဝန်ကြီးတို့က ဦးဆောင်၍ ခြံစည်းရိုးကြက်ဆူပင်များကို စုပေါင်း ၍တပျော်တပါးစိုက်ပျိုးကြသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး သည် ကျောက်ဖြူမြို့၌ စုစုပေါင်း ငွေကျပ် ၉၂ သိန်းကျော်ကို ပေးအပ် လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဗိုလ်တထောင်စေတီတော်မြတ်ကြီးတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ဩဂုတ်၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သမင်ခြံကျောင်းတိုက်မှ အဖျောက်ဆရာတော်ဘဒ္ဒန္တဇနက က လည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ဇေယျာသိန် ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာ သီရိကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြား တော်မူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် ဩဂုတ် ၁၄

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင် ရွက်မှုလုပ်ငန်း စီမံကိန်းအရ အာဆီ ယံအတွင်းရေးမှူးရုံး၏ အစီအစဉ်ဖြင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က အကောင်အထည်ဖော်ကျင်းပသည့် စီမံကိန်း အဆိုပြုချက်နှင့် အစီရင် ခံစာရေးသားခြင်း သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်၈နာရီခွဲက ရန်ကုန်မြို့ရှိ

စီမံကိန်းအဆိုပြုချက်နှင့်အစီရင်ခံစာများ ရေးသားခြင်း သင်တန်းဖွင့်ပွဲကျင်းပ

ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်က အမှာစကားပြောကြားသည်။

စီမံကိန်းအဆို ပြုချက်နှင့် အစီရင်ခံ စာ ရေးသားခြင်း သင်တန်းဖွင့်ပွဲတွင် ဝန်ထမ်း ရွေးချယ် လေ့ကျင့်ရေးဦးစီး ဌာန ညွှန်ကြားရေး မှူးချုပ် ဦးလှကြည် အမှာစကား ပြော ကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ ဒုတိယညွှန် ကြားရေးမှူးချုပ် ဦးဝေမြင့်၊ အာဆီယံ အတွင်းရေးမှူးရုံး IAI Unitမှ Technical Officer (Project), Ms. Chandrasa Edhityas Sjamsudin၊ စင်ကာပူသမ္မတနိုင်ငံ Polytechnic မှ သင်တန်းနည်းပြ များ သင်တန်းသား အရာရှိ ၂၀တို့ တက်ရောက်ကြသည်။ အဆိုပါ သင် တန်းကို ယနေ့မှ ဩဂုတ် ၁၆ရက် အထိကျင်းပမည်ဖြစ်သည်။

ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေး အဖွဲ့သည် အာဆီယံနိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင် ရွက်မှုလုပ်ငန်းစီမံကိန်းတွင် ပါဝင် သည့် နိုင်ငံပိုင်ကဏ္ဍ၏ စွမ်းဆောင်မှု တည်ဆောက်ရေးသင်တန်းများနှင့် စပ် လျဉ်း၍ ဆက်သွယ်ရန်အဖွဲ့အစည်း (Focal Point)အဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်းနှင့် သက် ဆိုင်ရာကဏ္ဍအလိုက် နောက်ထပ် သင်တန်းခုနစ်ခုကို ဆက်လက် ကျင်းပ ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှာရန်ရာနှုန်း ၆၀

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

သိဖွယ်မှတ်ရာ "မာနာ"

"ကျွန်တော်တို့ အကျွမ်းတဝင် ဖြစ်နေတဲ့ မာနဆိုတဲ့ ဝေါဟာရကိုပဲ စိတ်ထဲမှာစွဲနေတော့ 'မာနာ'ဆိုတာ ကြားဖူးနေပေမယ့်လည်း သေသေချာချာ ဂဃနဏ မသိကြဘူးလေ။ အဲဒါလေး ကျွန်တော်တို့ကို ရှင်းပြပေးစေချင်ပါတယ် ဆရာ"

စာရေးသူထံ မန္တလေးမြို့ ရန်မျိုးလုံရပ်ကွက်မှ မောင်စိုးပိုင်က မေးလာသည်။ မှန်ပါသည်။ သူမေးမည်ဆိုလည်း မေးစရာပင်။

"မာနာ"ဆိုတဲ့ ဝေါဟာရဟာ မြန်မာအဘိဓာန်မှာ မတွေ့ရဘူး။ အင်္ဂလိပ်ဝေါဟာရကို အသံတူ ယူထားတာဖြစ်ပေမယ့် သူတို့ရဲ့ဝေါဟာရ အစစ်အမှန်လည်း မဟုတ်သေးဘူးကွ။ အမှန်က Myanmar Anti-Narcotics Association ဆိုတဲ့ ဝေါဟာရရဲ့ အတိုကောက် စာလုံးလေးလုံး ပေါင်းစပ်ထားလို့ ဖြစ်ပေါ်လာတဲ့ MANA ရဲ့ အသံထွက်အတိုင်း အမိပ္ပာယ်ကောက်ယူထားတာဖြစ်လို့ 'မာနာ'ရယ်လို့ ဖြစ်လာတာကွ။ တိုက်ရိုက် မြန်မာလိုဘာသာပြန်မယ်ဆိုရင်တော့ **"မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း"**လို့ အဓိပ္ပာယ်ရတယ်လေ"

"အဲဒီ 'မာနာ'အသင်းက ဘယ်လို အသင်းအဖွဲ့မျိုးလဲ ဆရာ"

"မောင်စိုးပိုင် ရှင်းရှင်းလင်းလင်း သိသွားအောင် ဆရာရှင်းပြမယ်။ နိုင်ငံတကာမှာ အသင်းအဖွဲ့လို့ပဲ ပြောပြော၊ အဖွဲ့အစည်းလို့ပဲ ဆိုဆို သုံးမျိုးသုံးစားပဲရှိတယ်။ UN (United Nations) ကုလသမဂ္ဂ အဖွဲ့အစည်းရယ်၊ NGO (Non-Government Organization) အစိုးရမဟုတ်တဲ့ လူမှုရေးအဖွဲ့အစည်းများရယ်၊ GO (Government Organization) နိုင်ငံ့ဝန်ထမ်းတွေနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းရယ် ဒါတွေပဲ ရှိတယ်ကွ။ ဒီအမျိုးအစားတွေထဲမှာ 'မာနာ'ဟာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းဖြစ်တယ်။ လူမှုရေးကိစ္စ သက်သက်ကိုသာ ဆောင်ရွက်ဖို့ ဖွဲ့စည်းထားတဲ့ အသင်းအဖွဲ့ တစ်ခုပဲလေ။ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး၊ အသားအရောင်၊ အယူဝါဒ၊ ဒေသစွဲ စတာတွေမပါရှိတဲ့၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အသွေးအရောင်မဲ့၊ ဘက်လိုက်မှုအစွဲကင်းရှင်းတဲ့ အသင်းအဖွဲ့မျိုးကွ။ ပြီးတော့ ဒီအသင်းအဖွဲ့မှာ ပါဝင်သူတွေကလည်း ဝန်ဆောင်ခမယူ၊ ကိုယ်ကျိုးမရှာ၊ စေတနာသက်သက် လူသားများရဲ့ ကောင်းကျိုးကို ရှေးရှုပါဝင် ဆောင်ရွက်ကြတာ ဖြစ်ကြတယ်ကွ။ မောင်စိုးပိုင် ရှင်းရှင်းလင်းလင်း ဖြစ်သွားအောင် ဥပမာပေးရရင် ကြက်ခြေနီတပ်ဖွဲ့လို၊ မီးသတ်တပ်ဖွဲ့လို ဒို့တစ်တွေ ပါဝင်ဖွဲ့စည်းထားတဲ့ ဒို့ရပ်ကွက်က ဇီဝိတဒါန သွေးလှူရှင်အသင်းလိုမျိုးပေါ့ကွာ"

"အခကြေးငွေ မယူကြတာတော့ ဟုတ်ပါပြီ။ ဝန်ဆောင်မှုပေးတဲ့အခါ ကုန်ကျစရိတ် ရှိနိုင်တာမို့ ရန်ပုံငွေကိစ္စက..."

"အေး ဟုတ်ပြီ၊ ဒီအကြောင်းကို သိထားသင့်လို့ ဆရာကလည်း ပြောပြချင်နေတာကွ။ ရန်ပုံငွေဟာ လုပ်ငန်းများ ဆောင်ရွက်တဲ့အခါတိုင်းမှာ မရှိမဖြစ်လိုအပ်တဲ့ အရင်းအမြစ်တွေထဲက တစ်ခုပဲ။ မောင်စိုးပိုင်ကို ဗဟုသုတအနေနဲ့ ပြောပြရရင် အသင်းအဖွဲ့တိုင်းမှာ ရန်ပုံငွေရှိရမယ့်အပြင် စီမံခန့်ခွဲမှုပြုမယ့် လူတွေပါဝင်မှ ဝန်ဆောင်မှုပြုနိုင်ကြမှာမို့ ဒီအရင်းအမြစ်များဟာ အသင်းအဖွဲ့တိုင်းမှာ မရှိမဖြစ်ပဲကွ။ ရန်ပုံငွေကိစ္စကို ဆက်ရမယ်ဆိုရင် စေတနာရှင်အများပြည်သူပဲပေါ့။ အခုဆိုရင် အသင်းအလုပ်အမှုဆောင်တွေရဲ့ ကြိုးပမ်းမှုကြောင့် ရန်ပုံငွေ အတန်အသင့်ရရှိထားလို့ အသင်းရဲ့ဝန်ဆောင်မှု တိုးတက်ရေးကိစ္စအဝဝကို ဆောင်ရွက်နိုင်နေပြီလေ။ ဒါပေမယ့် အသင်းဆက်လက် ရပ်တည်လှုပ်ရှားနိုင်ဖို့ကတော့ ရန်ပုံငွေ လိုအပ်နေဦးမှာပဲကွ။ CCDAC, NAP, YCDC, Kan Baw Za Bank, TUN Foundation Bank, Shine Hope Co. Ltd; UNDP, UNODC, WHO, UNICEF, UNAIDS, UNFPA, UNOPS, CARE Myanmar, Burnet Institute...စတဲ့ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများရဲ့ထောက်ပံ့မှုကို 'မာနာ'က ရရှိခဲ့တယ်"

ဒေါက်တာခင်မောင်ဆွေ (မန္တလေး)

"အဲဒီအသင်းအဖွဲ့ရဲ့ ဝန်ဆောင်မှုက..."

"ဝန်ဆောင်မှုအပိုင်းကို မပြောခင် အသင်းရဲ့ဖွဲ့စည်းရတဲ့ ရည်ရွယ်ချက် (၅) ရပ်ကို ပြောပြချင်တယ်။ အဲဒီရည်ရွယ်ချက်တွေကတော့–

၁။ မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု လျှော့ချရေးလုပ်ငန်း ဆောင်ရွက်ရန်၊
၂။ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော HIV/AIDS ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ရန်၊
၃။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းနှင့် ပတ်သက်ပြီး ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်များတွင် သုတေသန လုပ်ငန်းများ ဆောင်ရွက်ရန်၊
၄။ မူးယစ်ဆေးဝါး ပညာပေးရေးနှင့်ပတ်သက်ပြီး အသင်းဝင်များ အတွင်း အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ညီလာခံများ အခါအား လျော်စွာ ကျင်းပပြုလုပ်ရန်၊
၅။ နိုင်ငံတကာ အစိုးရမဟုတ်သော အသင်းများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရန် တို့ပဲ ဖြစ်တယ်ကွ။

ဝန်ဆောင်မှုအပိုင်း အနေနဲ့ကတော့ **'မူးယစ်ဆိုက၊ ဆန့်ကျင်ကြ'** ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး လူမှုအဆောက်အအုံကို အန္တရာယ်ပြုနေတဲ့ ဒီမူးယစ်ဆေးဝါးရဲ့ အန္တရာယ်မှန်သမျှကို ကာကွယ်ဆန့်ကျင်သွားမှာဖြစ်တယ်။ အဓိကကတော့ ကာကွယ်တားဆီးရေးလုပ်ငန်းပေါ့ကွာ။ ကာကွယ်ရေးဆိုတဲ့ အပိုင်းမှာ သုံးပိုင်းရှိတယ်ကွ။ မူးယစ်ဆေးမစွဲမီ ကာကွယ်ခြင်း၊ မူးယစ်ဆေးစွဲနေစဉ် ကာကွယ်ခြင်းနဲ့ ဆေးစွဲပြီးနောက် ကာကွယ်ခြင်းတွေပဲကွ။ ဒီကာကွယ်ခြင်း အပိုင်းသုံးပိုင်းလုံးရဲ့ အဓိကကျတဲ့ ဆောင်ရွက်ချက်ကတော့ **'အသိပညာပေးရေး'** ပဲလေ။ ဒါကြောင့် ဟောပြောမှုတွေ၊ ဆွေးနွေးမှုတွေ၊ သင်တန်းပေးရာတွေမှာလည်း ဒီအန္တရာယ် စက်ကွင်းအတွင်း ကျရောက်နိုင်ချေရှိတဲ့ (Risk Group) ဖြစ်တဲ့လူငယ်များ၊ ဆေးစွဲသူများနဲ့ နီးနွယ်သူအမျိုးသမီးများနဲ့ အသိပညာပေးရေးမှာ ဆင့်ပွားဆောင်ရွက်ကြမယ့် အသင်းဝင်များ (MANA Branch members) ကို ဦးတည်ထားဆောင်ရွက်တယ်လေ။ ဒီတော့ ဒုက္ခကြုံတွေ့နိုင်ချေရှိသူများသာမက အသင်းဝင်များအတွက်ပါ အကျိုးဖြစ်ထွန်းစေတယ်လို့ ဆရာပြောချင်တယ်။ ပြီးတော့ အသင်းဝင်များကို အင်္ဂလိပ်စကားပြော သင်တန်းမျိုးတွေကိုလည်း အခါအားလျော်စွာ အသင်းက အခမဲ့စီစဉ်ပေးသေးတယ်။ Capacity Building လို့ခေါ်တဲ့ အသိအမြင် အရည်အသွေး မြှင့်တင်ပေးတဲ့ ဆောင်ရွက်မှုတွေကိုလည်း အသင်းဝင်တွေအတွက် ဆောင်ရွက်ပေးတယ်ကွာ။

"Capacity Building မှာ အင်္ဂလိပ်စကားပြောဟာ အရေးပါသလို၊ ဘာသာရပ် ကျွမ်းကျင်မှုအသိမှာ Drugs and HIV/AIDS ရောဂါကာကွယ်ရေး အကြောင်းကိုပါ အချိန်နဲ့တစ်ပြေးညီ သတင်းအချက်အလက်များ သိရှိထားဖို့ လိုအပ်တယ်။ ခုဆိုရင် မန္တလေး အပါအဝင် နိုင်ငံတစ်ဝန်းရှိ ဒေသတော်တော်များများမှာ ဗဟို 'မာနာ'ရဲ့ ဦးဆောင်စီစဉ်ပေးမှုနဲ့ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သလို ဆက်လက်လည်း ဆောင်ရွက်ပေးနေဆဲပဲလေ။

"ချုပ်ပြီးပြောရရင် 'မာနာ' ဟာ မူးယစ်ဆေးဝါး ပြဿနာသာမက မူးယစ်ဆေးဝါးနဲ့ နီးနွယ်ရောဂါဖြစ်တဲ့ HIV/AIDS ရောဂါကာကွယ်ရေးလုပ်ငန်းတွေရဲ့ ဆောင်ရွက်ချက်အဖြစ် ဟောပြော၊ ဆွေးနွေး၊ သင်တန်းပေးတာတွေကိုလည်း လုပ်ဆောင်နေတယ်။ တစ်နည်းပြောရရင် မူးယစ်ဆေးဝါး သုံးစွဲမှုလျှော့ချရေး အပိုင်းသာမကဘဲ အန္တရာယ်လျှော့ချခြင်းအဖြစ် HIV/AIDS ရောဂါအန္တရာယ် ကာကွယ်ရေး အပိုင်းကိုပါ 'မာနာ' အသင်းကြီးက ဆောင်ရွက်နေတယ်ဆိုတာ သိစေချင်တယ်။ ဒါလောက်ဆိုရင် 'မာနာ' ရဲ့ ဆောင်ရွက်ပေးနေတဲ့ ဝန်ဆောင်မှုအပိုင်းကို မောင်စိုးပိုင် သဘောပေါက်လောက်ပြီလို့ ဆရာ ထင်တယ်"

"အဲဒီအသင်းအဖွဲ့ရဲ့တည်နေရာက..."

"ဗဟို'မာနာ'အသင်းကြီးက ရန်ကုန်မြို့မှာကွ။ တည်နေရာကို ပြောရမယ်ဆိုရင်–

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို)က တိုက်(၃)၊ အခန်း(၁၀၁/၁၀၂)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မြိုင်ဟေဝန်အိမ်ရာစခန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှာဖြစ်ပြီး အသင်းရဲ့ဥက္ကဋ္ဌက အငြိမ်းစားသံအမတ်ကြီး ရဲချုပ်(ငြိမ်း) ဦးစံသိန်း ဖြစ်တယ်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်း)က တိုက်အမှတ်(၂၃၅)၊ ဒုတိယထပ်၊ ၂၇လမ်း၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့မှာဖြစ်ပြီး အသင်းရဲ့ဥက္ကဋ္ဌက အငြိမ်းစားရဲမှူးကြီးဦးလှမျိုး ဖြစ်တယ်ကွ"

"အဲဒီအသင်းအဖွဲ့မှာ ကျွန်တော်တို့ ပါဝင်ချင်တယ်ဆိုရင်"

"ကြိုဆိုတာပေါ့ကွာ။ လှိုက်လှိုက်လှဲလှဲ ကြိုဆိုတာပေါ့။ ရာသက်ပန်အသင်းဝင် လျှောက်လွှာပုံစံ ဆရာ့ဆီမှာ ရှိတယ်။ ရော့...ယူသွားပြီး ပုံစံပါအချက်အလက်တွေကို ဖြည့်စွက်ပြီးရင် 'မာနာ' ရုံးမှာ လာတင်လိုက်ပေတော့"

"ကျေးဇူးပါပဲ ဆရာ"

နေပြည်တော် ဩဂုတ် ၁၄

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၂ရက် နံနက်ပိုင်းက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဗားဂျီးနီးယားဆေးဝါးလုပ်ငန်းဝင်း အတွင်း ငှက်ဖျားဆေးဖော်စပ်ရာတွင် အဓိကဆေးဝါးကုန်ကြမ်း စိုက်ခင်းဖြစ်သည့် အာတီးမီးစီးယား (ARTEMISIA) စိုက်ပျိုးပင်များ၏ ရှင်သန်ကြီးထွားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက အာတီးမီးစီးယား ဆေးဖက်ဝင် အပင်များသည် ငှက်ဖျားရောဂါကာကွယ်ဆေး ထုတ်လုပ်ရာတွင် အစွမ်းထက်သော အပင်ဖြစ်၍ ဆေးပင်များ၏ ကြီးထွားရှင်သန်ရေးအတွက် စမ်းသပ်စိုက်ပျိုးသွားရေးမှာကြားသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ စိုက်ခင်းတာဝန်ခံက စိုက်ဧက ၃၀၀အတွင်း အာတီးမီးစီးယား စိုက်ပျိုးထားရှိမှု၊ ပဲမျိုးစုံနှင့် အစေ့ထုတ်ပြောင်းများစိုက်ပျိုးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗားဂျီးနီးယားဆေးဝါး လုပ်ငန်းစက်ရုံ စက်ရုံမှူးဦးအောင်မျိုးမင်းက ဖြည့်စွက်တင်ပြသည်။

ဆက်လက်၍ အဏုဇီဝစိမ်းပြာရေညှိ ဆေးဝါးလုပ်ငန်းမှ စက်ရုံမှူး ဒေါက်တာမင်းသိမ်းက အာတီးမီးစီးယားဆေးပင်များ စိုက်ပျိုးမှုအခြေအနေများနှင့် ရိတ်သိမ်းရာသီ၌ ရိတ်သိမ်းမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးဖက်ဝင် အာတီးမီးစီးယားပင်များ၏ ရှင်သန်ကြီးထွားမှုအတွက် သိပ္ပံနည်းကျ စနစ်တကျ စိုက်ပျိုးသွားရေးနှင့် အချိန်အကန့်အသတ်နှင့်လျော်ညီစွာ ရိတ်သိမ်းသွားရေးမှာကြားသည်။

ဆေးဖက်ဝင် အာတီးမီးစီးယားပင်များ ရှင်သန်ကြီးထွားရန် သိပ္ပံနည်းကျစနစ်တကျစိုက်ပျိုး၊ အချိန်နှင့်လျော်ညီစွာရိတ်သိမ်း

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် ပြင်ဦးလွင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိရာ ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းမြင့်သိန်းက ကျောင်းစာသင်ခုံများလှူဒါန်းမှု၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးမှု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အလုပ်အမှုဆောင်များက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော် ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အရည်အချင်း၊ အရည်အသွေး တိုးတက်လာရန် လေ့ကျင့်ပျိုးထောင်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဦးစီး ဦးဆောင် ဆောင်ရွက်သွားရေး ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပြင်ဦးလွင် အနီးစခန်းရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါး စက်ရုံစီမံကိန်း(ပြင်ဦးလွင်)သို့ ရောက်ရှိလာရာ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက ဆေးဝါးစက်ရုံဝင်းအတွင်း တိုးချဲ့တည်ဆောက်လျက်ရှိသော စီမံခန့်ခွဲရေးရုံးနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ တည်နေရာပြ မြေပုံများဖြင့် ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက တည်ဆောက်မှုအခြေအနေကို မြေပုံဖြင့် တိုက်ဆိုင်စစ်ဆေးပြီး စီမံကိန်းလုပ်ငန်းကြီးဖြစ်သဖြင့် ရေရှည်မျှော်မှန်း ဆောင်ရွက်ရမည်ဖြစ်ရာ အကောင်အထည်မဖော်မီ အထပ်ထပ်အခါခါ သုံးသပ်ဆောင်ရွက်သွားရေး မှာကြားသည်။

ဆက်လက်၍ စက်ရုံမှူးဒေါက်တာမြင့်စိန်က တိရစ္ဆာန်စမ်းသပ် အဆောက်အအုံ၊ ရေဆိုးသန့်စင်ရုံနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် သောက်ဆေး၊ လိမ်းဆေး၊ မျက်စဉ်းဆေးနှင့် ဟိုမှုန်းပါသော ဆေးဝါးထုတ်လုပ်ရေးအဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် Injectable Department တည်ဆောက်မှု၊ ဆေးမှုန့်၊ လိမ်းဆေး၊ သောက်ဆေးရည်၊ ထိုးဆေးနှင့် သွေးကြောသွင်းဆေးရည် ထုတ်လုပ်မည့်အခန်းအနေအထားကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးက အခန်းဆောင်ဖွဲ့စည်းမှုအားလုံးကို ဆောင်ရွက်ရာ၌ နိုင်ငံတကာ စံချိန်စံညွှန်းဖြစ်သော GMPစနစ်နှင့်အညီ တိကျစွာလိုက်နာ ဆောင်ရွက်ရေး မှာကြားပြီး စက်ရုံဝန်းကျင်ရှိ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ကြီးမှူး ကျန်းမာသောပတ်ဝန်းကျင်နှင့် ခြင်၊ အမှိုက်၊ ဆေးလိပ် ကင်းစင်သောကျောင်းများ

သတ်မှတ်ခြင်း အခမ်းအနား မရမ်းကုန်းမြို့နယ်တွင် ကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ မရမ်းကုန်းမြို့နယ်အတွင်းရှိ ကျောင်းများအား ကျန်းမာသော ပတ်ဝန်းကျင်နှင့် ခြင်၊အမှိုက်၊ဆေးလိပ်ကင်းစင်သော ကျောင်းများအဖြစ် သတ်မှတ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်၇နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက် အားပေးချီးမြှင့်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ခြင်ကင်းစင်၊ အမှိုက်ကင်းစင်နှင့် ဆေးလိပ် ကင်းစင်ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

ယင်းနောက်တိုင်းမှူး၊ ဇနီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က အခမ်းအနား အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး ကျောင်းဝင်းအတွင်း ကျောင်းသားကျောင်းသူများ စုပေါင်း၍ သန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်နေမှု၊ ခြင်များ မခိုအောင်းနိုင်စေရန်အတွက် ဆေးဖျန်း နေမှုနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကျောင်းသား ကျောင်းသူများ၏ ဆေးလိပ်၊ ခြင်ကျား အန္တရာယ်နှင့် ကျန်းမာရေး အသိပညာ နားလည်မှု၊ စွမ်းရည်ပြသမှုနှင့် ကျန်းမာရေးဆိုင်ရာ စာအုပ်စာတမ်းများကို လိုက်လံကြည့်ရှု အားပေးကြသည်။

အသင်းဝင်အဆိုပြုလွှာပေး

အခမ်းအနားကို ရန်ကုန်တပ်နယ်ခန်းမ၌ ဆက်လက် ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကျောင်းသားကျောင်းသူများအတွက် ကျန်းမာသောပတ်ဝန်းကျင် ဖြစ်စေရေး ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မရမ်းကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေး အေးမာထံမှ ရာသက်ပန်အသင်းဝင်အဆိုပြုလွှာစောင်ရေ ၁၀၀၀နှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမဒေါ်ခင်မေသောင်း ပေးအပ်သော ကျောင်းလုံးကျွတ်အသင်းဝင်အဆိုပြုလွှာ ၁၂စောင်တို့ကို လက်ခံသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မရမ်းကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်အေးအေးမာနှင့် မြို့နယ်ပညာရေးမှူး ဦးရှိန်သိန်းအောင်တို့က ကျောင်း ကျန်းမာရေးနှင့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျောင်းကျန်းမာရေးလုပ်ငန်းများအတွက် လုပ်ငန်းရှင်များ နှင့် စေတနာရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ၄၃၀၀၀၀၊ ဦးအိုက်လင်း (ဂရိတ်နိုင်းကုမ္ပဏီ)က ငွေကျပ် ၃၀၀၀၀၀၊ ဦးစိုင်းဇော်၊ ဦးစိုင်းအောင်သန့် (Main)ဘာသာရပ် ကိုယ်ပိုင်နည်းပြသင်တန်းနှင့် ဦးကြည်မင်းဟန် (ကြည်မင်း ဟန်-ရူပ၊ ဓာတုသင်တန်း)တို့က ငွေကျပ်၁၀၀၀၀၀စီ၊ ဦးမျိုးမင်းထိုက် (ပုလဲ)၊ ဦးသိန်းလွင်ကို(ပန်းကံ့ကော်)၊ ဦးဇော်ညွှန့်(ချွန်)နှင့် ဦးလှစော(ရတနာမြေ) ဘာသာရပ် ကိုယ်ပိုင်သင်တန်းများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၂၀၀၀၀၀ဖြင့် စုစုပေါင်းအလှူငွေကျပ် ၁၁၃၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက လက်ခံသည်။

ပေးအပ်

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများကို မြို့နယ်ပညာ ရေးမှူးနှင့် ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌများထံ ပေးအပ်ကြသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံ မြောက်/အနောက် နိမ္မာန် ကျောင်းလမ်း၊ အမှတ်(၉)နေ (ဦးတင်ငြိမ်း)-ဒေါ်အေးမိ၊ သမီး မခင် မမငြိမ်း၊ သား မောင်အေးကိုကိုညီမိမ်းမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို ပိဋက နှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချ အနုမောဒနာ တရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရေ ဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပျဉ်းမနားမြို့နယ် ပြန်ကပြေးစံပြ ကျေးရွာတွင် စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး အမှာ စကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

ပျဉ်းမနား ပြန်ကပြေးစံပြကျေးရွာတွင် စည်းရုံးပညာပေးဟောပြော

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ယမန်နေ့နံနက် ၈နာရီက ပျဉ်းမနားမြို့နယ် ပြန်ကပြေးစံပြကျေးရွာ မဟာစည်သာသနာ့ရိပ်သာဓမ္မဗိမာန်၌ စည်းရုံးအသိပညာပေးဟောပြောဆွေးနွေးပွဲကို ကျင်းပရာ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး၏ဇနီး၊ ပျဉ်းမနားမြို့နယ်နှင့် ပြန်ကပြေးစံပြကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ စုစုပေါင်း၃၀၀ခန့် တက်ရောက်ကြသည်။

အဆိုပါ စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး က အဖွင့်အမှာစကားနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြော ကြားသည်။

ဟောပြောဆွေးနွေး

ထို့နောက် ကျန်းမာရေးဝန်ကြီး ဌာနကျန်းမာရေးဦးစီးဌာနမှဒေါက်တာ သန်းဝင်း၊ ဒုတိယညွှန်ကြားရေးမှူး(ငှက် ဖျား)က ငှက်ဖျားရောဂါနှင့် ပတ် သက်ပြီး ဖြစ်ပွားရခြင်းအကြောင်း၊ ငှက်ဖျားရောဂါမဖြစ်စေရန် ကာကွယ် ရန် နည်းလမ်းများ၊ ငှက်ဖျားရောဂါ ကုသပုံများကို အကျယ်တဝင့် ဟော ပြော ဆွေးနွေးသည်။ ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန နိုင်ငံဖြတ် ကျော်မှုခင်းဌာန လူကုန်ကူးမှု တားဆီး ရေးဗဟိုအဖွဲ့မှ ရဲအုပ်ဌေးဌေးထွန်းက လူမှောင်ခိုကုန်ကူးမှုဆိုင်ရာ အကြောင်း ကို ဟောပြောဆွေးနွေးသည်။

ရှင်းလင်းဖြေကြား

ထို့နောက် တက်ရောက်လာသူ များအား အမျိုးသမီးရေးရာ စကားဝိုင်း ခုနစ်ဝိုင်းခွဲ၍ ဌာနကြီးမှူးများနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက ပညာပေး ဆွေးနွေးချက်များအပေါ် နားလည်သဘောပေါက်မှုကို ဆန်း စစ်ပြီး မရှင်းလင်းသည့် မေးမြန်းဆွေး နွေးချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားပေးကြသည်။

လှူဒါန်း

စည်းရုံးအသိပညာပေး ဟော ပြောဆွေးနွေးပွဲ အပြီးတွင် အမျိုးသမီး ရေးရာ အဖွဲ့ချုပ်မှ လှူဒါန်းသော အမျိုးသမီးရေးရာအဖွဲ့ဝတ်စုံ ၁၅ စုံ၊ နေ့စဉ်ထုတ်ဂျာနယ် မဂ္ဂဇင်းပေါင်းစုံ ၄၃၅ စောင်၊ ဆေးစိမ်ခြင်ထောင် ၁၀ လုံးကို ပေးအပ်သည်။ ဆက်လက်၍ အမျိုးသမီးရေးရာ အဖွဲ့ဝင် အဆိုပြုလွှာ ၁၀၅၀ စောင်ကို မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မူမူ အောင်က ပေးအပ်ရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက လက်ခံ သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျင်းပသော ပျဉ်းမနားမြို့နယ် ပြန်ကပြေးစံပြကျေးရွာ စည်းရုံးအသိပညာပေး ဟောပြောဆွေးနွေးပွဲတွင် အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လှူဒါန်းသော အမျိုးသမီး ရေးရာအဖွဲ့ဝတ်စုံ၊ နေ့စဉ်ထုတ် ဂျာနယ် မဂ္ဂဇင်းများ၊ ဆေးစိမ်ခြင်ထောင်များကို တာဝန်ရှိသူများက ပေးအပ်စဉ်။ (သတင်းစဉ်)

(၁၇)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ သုံးနှစ်ဆက်တိုက်အောင်ပွဲရ စစ်ကိုင်းတိုင်း အမျိုးသမီးအသင်း သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု ဆုကြေးများ ပေးအပ်ချီးမြှင့်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အောင်ပွဲရ အမျိုးသမီး ဘတ်စကက်ဘောအသင်းအား လေ့ကျင့်ရေးဆိုင်ရာ အထောက်အကူပစ္စည်းများ ပေးအပ်စဉ်။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၄

(၁၇)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ဘတ်စကက်ဘောပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် ဒိုင်းအပိုင်ဆွတ်ခူးရရှိခဲ့သည့် စစ်ကိုင်းတိုင်း အမျိုးသမီး ဘတ်စကက်ဘောအသင်းအား သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုပွဲကို စစ်ကိုင်းတိုင်းအတွင်း ခြိမ့်ခြိမ့်သဲကျင်းပခဲ့ရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်တို့တက်ရောက်ပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

သုံးနှစ်ဆက်တိုက် ဒိုင်းဆုဆွတ်ခူးခဲ့သည့် စစ်ကိုင်းတိုင်း အမျိုးသမီးဘတ်စကက်ဘောအသင်းအား အိုးစည်ဗုံမောင်း အကအခုန်များဖြင့် လမ်းတစ်လျှောက် ဤသို့ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

သတင်းနှင့် ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး(မြန်မာ့အလင်း)

"ကစားသမားများ စိတ်ဓာတ် စွမ်းရည်မြင့်မားလာပြီး စည်းလုံးညီညွတ်စွာ ယှဉ်ပြိုင်ခဲ့သည့်အတွက် ယခုလို အောင်ပွဲခံနိုင်ခြင်းဖြစ်"နည်းပြဆရာ ကိုမြင့်ထူး။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ဂုဏ်ပြု

အောင်ပွဲရ စစ်ကိုင်းတိုင်း အမျိုးသမီး ဘတ်စကက်ဘောအသင်း ဩဂုတ် ၉ ရက် နံနက် ၇ နာရီက စစ်ကိုင်းတံတားထိပ်ရှိ 'ရွှေတိုင်းဒေသ'မုခ်ဦးသို့ရောက်ရှိလာရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးနိုင်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အရာရှိ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံ မြို့မိမြို့ဖများက ဂုဏ်ပြုပန်းကုံးများ၊ ပန်းစည်းများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုကြပြီး မြရောခန်းမတွင် ခရိုင်နှင့် မြို့နယ်မှ ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

အောင်ပွဲရ အမျိုးသမီး ဘတ်စကက်ဘောအသင်းသည် စစ်ကိုင်းမှ မုံရွာမြို့သို့ ကားများဖြင့် ထွက်ခွာလာရာ ကားလမ်းမကြီးတစ်လျှောက်ရှိ မြင်းမူ၊ မြောင်နှင့် ချောင်းဦးမြို့နယ် လမ်းဘေး ဝဲယာတစ်လျှောက် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ကျောင်းသား ကျောင်းသူလေးများက ပန်းကုံးစွပ်ခြင်း၊ ပန်းစည်းဆက်ခြင်း၊ အိုးစည်ဗုံမောင်း အကအခုန်များဖြင့် လိုက်လံပျူငှာစွာ ကြိုဆိုကြပြီး ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

အောင်ပွဲရ အမျိုးသမီး ဘတ်စကက်ဘောအသင်းသည် မွန်းလွဲ ၂ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမသို့ ရောက်ရှိကြသည်။

တက်ရောက်

ဆက်လက်၍ မြို့တော်ခန်းမတွင် ဂုဏ်ပြုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများ၊ ကျောင်းသား ကျောင်းသူများ၊ အောင်ပွဲရ ဘတ်စကက်ဘောအသင်း၊ ၂၀၀၆ ခုနှစ်အတွင်း ကျင်းပသည့် ပြည်နယ်နှင့် တိုင်း ပြိုင်ပွဲများမှ ဆုရအားကစားသမားများ၊ အဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်သူ၊ နည်းပြများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူးအား အောင်ပွဲရ ဘတ်စကက်ဘောအသင်း၊ ၂၀၀၆ ခုနှစ် ပြည်နယ်နှင့် တိုင်း အားကစားပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးတံဆိပ်ဆုနှင့် ထူးချွန်ဆုရ အားကစားသမားတစ်ဦးချင်းနှင့် မိတ်ဆက်ပေးပြီး တိုင်းမှူးထံ အောင်ပွဲရ ဘတ်စကက်ဘောအသင်းမှ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူနှင့် နည်းပြများက ပြည်နယ်နှင့် တိုင်း ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းတို့ကို အပ်နှံကြသည်။

ချီးမြှင့်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဂုဏ်ပြုအမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်း ဘတ်စကက်ဘောအသင်း အုပ်ချုပ်သူ ဒေါ်အေးမမမျိုးက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။ တိုင်းမှူး၊ ဇနီးနှင့်တာဝန်ရှိသူများက အောင်ပွဲရ အမျိုးသမီး ဘတ်စကက်ဘောအသင်း အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြအပါအဝင် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီနှင့် လေ့ကျင့်စရိတ် တစ်လလျှင် တစ်ဦးအတွက် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် တစ်နှစ်စာ ငွေကျပ် ခုနစ်သိန်း နှစ်သောင်းကို လည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုရ ဘတ်စကက်ဘောမှ ယုမွန်သော်၊ ခံစစ်အကောင်းဆုံးဆုရ စိုးစိုးဟန်နှင့် တိုက်ကွမ်ဒို အကောင်းဆုံး အားကစားသမားဆုရ နိုင်အောင်တို့အား တစ်ဦးလျှင် ငွေကျပ်ငါးသောင်းစီ ပေးအပ်ချီးမြှင့်ပြီး အောင်ပွဲရ ဘတ်စကက်ဘောအသင်းအား တိုင်းမှူးက လေ့ကျင့်ရေးအထောက်အကူပြု အားကစားပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး ဘတ်စကက်ဘောအသင်းအား ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးနှင့် ဒီဗွီဒီအောက်စက်တစ်လုံး ကံစမ်းမဲဖောက်၍ ချီးမြှင့်ပေးအပ်သည်။

"ယခုလို သိုက်သိုက်ဝန်းဝန်းနှင့် ကြိုဆိုပြီး ထိုက်ထိုက်တန်တန် ဂုဏ်ပြုသည့်အတွက် အသင်းကိုယ်စား အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိ" အသင်းခေါင်းဆောင် ဌေးဌေးမြင့်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ဆုကြေးငွေ

၂၀၀၆ ခုနှစ် ပြည်နယ်နှင့် တိုင်း အားကစားပြိုင်ပွဲများတွင် ဆုရရှိသည့် ဘတ်စကက်ဘော၊ တိုက်ကွမ်ဒို၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊ သေနတ်ပစ်နှင့် တင်းနစ်ပြိုင်ပွဲ စသည့် အားကစားနည်းခြောက်ခုမှ ရွှေ၊ ငွေ၊ ကြေး ဆွတ်ခူးပေးသည့် အားကစားသမားများ၊ အကောင်းဆုံးဆုရ အားကစားသမားများနှင့် အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြများအား ဆုချီးမြှင့်ငွေပေါင်းမှာ ငွေကျပ် ၄၂၈၇၅၀၀ ချီးမြှင့်ရာ ဒိုင်းအပိုင်ရရှိသွားသော အမျိုးသမီး ဘတ်စကက်ဘောအသင်းက ဆုကြေးအများဆုံး ရယူသွားခဲ့ကြသည်။

ဆုကြေးအများဆုံးရ စစ်ကိုင်းတိုင်း အမျိုးသမီး ဘတ်စကက်ဘောအသင်းတည်းခိုရာ မုံရွာမြို့ရှိ တိုင်းအားကစားကွင်းသို့ မြန်မာ့အလင်း သတင်းအဖွဲ့က သွားရောက်၍ အောင်ပွဲခံနိုင်ရေးအတွက် ကြိုးစားယှဉ်ပြိုင်ခဲ့ပုံများကို ရေးသားဖော်ပြအပ်ပါသည်။

ရှေးဦးစွာ နည်းပြ ကိုမြင့်ထူးက "မိမိတို့ အဓိက အောင်ပွဲခံနိုင်ခြင်းမှာ တိုင်းမှူးနှင့်တကွ တာဝန်ရှိသူများ၏ ညွှန်ပြမှု၊ ပံ့ပိုးမှုနှင့် တစ်နှစ်ထက်တစ်နှစ် ဆုကြေးငွေ တိုးမြှင့်ပေးသည့်အတွက် ကစားသမားများ စိတ်ဓာတ်စွမ်းရည်မြင့်မားလာပြီး စည်းလုံးညီညွတ်စွာ ယှဉ်ပြိုင်နိုင်ခဲ့သည့်အတွက် ဖြစ်ကြောင်း၊ အထူးသဖြင့် မိမိတို့ ကစားသမားများ နှစ်လုံးပေါက် လေ့ကျင့်ထားသည့်အတွက် အခြားပြိုင်ဘက်များအပေါ် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ လာမည့် ပြိုင်ပွဲများ အောင်ပွဲခံနိုင်ရေးအတွက် ယခုလက်ရှိ ပြိုင်ပွဲဝင်များအပြင် မျိုးဆက်သစ်လူငယ်များပါ မွေးထုတ်သွားမှာဖြစ်ကြောင်း" ရှင်းပြသွားသည်။

အသင်းခေါင်းဆောင် ဌေးဌေးမြင့်ကလည်း "ရှေ့လာမည့် ပြိုင်ပွဲများတွင် ယခုထက် အောင်မြင်အောင် ကြိုးစားပြီး ဆရာများ၏ လေ့ကျင့်ပေးမှု အတိအကျ လိုက်နာလေ့ကျင့်ရင်း မျိုးဆက်သစ်တွေ ပေါ်ထွက်လာအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

ယှဉ်ပြိုင်ခဲ့

အသင်းခေါင်းဆောင် ဌေးဌေးမြင့်သည် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်အဖြစ် ၁၉၈၁ ခုနှစ်မှ ယနေ့အထိ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူလျက်ရှိသူဖြစ်ပြီး ၁၉၉၁ ခုနှစ်တွင် မြန်မာ့လက်ရွေးစင်ဖြစ်လာပြီး (၁၆) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ခဲ့သူဖြစ်ပြီး ၁၉၉၇ ခုနှစ်က စင်ကာပူနိုင်ငံ၌ကျင်းပသည့် ချစ်ကြည်ရေး ဘတ်စကက်ဘောပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သူဖြစ်သည်။

အောင်ပွဲခံနိုင်ကြောင်း

အမျိုးသား တံခွန်စိုက်ပြိုင်ပွဲနှင့် ပြည်နယ်နှင့် တိုင်း ဘတ်စကက်ဘောပြိုင်ပွဲတွင် ခံစစ် အကောင်းဆုံးဆုနှစ်ဆုရ စုစုဟန်က "ယခုလို တစ်နှစ်ထက်တစ်နှစ် ဆုကြေးနှင့် လေ့ကျင့်ပိုင်းဆိုင်ရာ အထောက်အကူပစ္စည်းများ ပိုမိုတိုးမြှင့်ပေးသည့်အတွက် အတိုင်းအဆမရှိ ဝမ်းသာပီတိဖြစ်မိကြောင်း၊ မိမိတို့ဆရာ၏ သင်ကြားမှုကို စနစ်တကျလိုက်နာပြီး နှစ်လုံးပေါက်နီးပါး လေ့ကျင့်ခဲ့သည့်အတွက် ယခုလို အောင်ပွဲခံနိုင်ခြင်းဖြစ်ကြောင်း" ဖြင့် ရှင်းပြခဲ့သည်။

၁၉၉၉ ခုနှစ် (၁၇)နှစ်အောက် လူငယ် ဘတ်စကက်ဘောပြိုင်ပွဲ အကောင်းဆုံးဆုနှင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အထိ ထူးချွန်အားကစားသမားဆု သုံးကြိမ်ရရှိထားသည့် ယုမွန်သော်က "သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည့် စစ်ကိုင်းတိုင်းအတွင်းရှိ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ယခုလိုအောင်ပွဲခံနိုင်ရခြင်းမှာ အခြားပြိုင်ဘက်များထက် လေ့ကျင့်မှုအားကောင်းခြင်း၊ ကြံ့ခိုင်မှုနှင့် အောင်နိုင်ရေးစိတ်ဓာတ် မြင့်မားခြင်းကြောင့် အောင်ပွဲခံနိုင်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုရရှိခြင်းအပေါ် မိမိတို့ ရောင့်ရဲမနေဘဲ ယခုထက်တိုးတက်အောင် ကြိုးစားလေ့ကျင့်သွားမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသွားခဲ့သည်။ ။

(မြန်မာ့အလင်း)

ထူးချွန် အားကစားသမားဆု သုံးကြိမ်ရရှိထားသည့် ယုမွန်သော်က "ယခုလို အောင်ပွဲခံနိုင်ခြင်းမှာ အခြားပြိုင်ဘက်များထက် လေ့ကျင့်မှု အားကောင်းခြင်း၊ ကြံ့ခိုင်မှုနှင့် အောင်နိုင်ရေးစိတ်ဓာတ် မြင့်မားခြင်းကြောင့် အောင်ပွဲခံနိုင်ခြင်း ဖြစ်ကြောင်း" ရှင်းပြစဉ်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

"ဆရာ၏သင်ကြားမှုကို စနစ်တကျလိုက်နာပြီး နှစ်လုံးပေါက်နီးပါး လေ့ကျင့်ခဲ့သည့်အတွက် ယခုလို အောင်ပွဲခံနိုင်ခြင်းဖြစ်ကြောင်း" ပြည်နယ်နှင့် တိုင်း အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ ခံစစ်အကောင်းဆုံးဆုဆွတ်ခူးခဲ့သည့် စုစုဟန်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန်မြို့ ဝေနေယျသုခ ရေချမ်းစင်အသင်း ပြက္ခဒိန်နှစ်မျိုးထွက်ရှိ

ရန်ကုန် ဩဂုတ် ၁၄

၂၀၀၇ ခုနှစ်အတွက် ရန်ကုန်မြို့ ဝေနေယျသုခရေချမ်းစင် အသင်း ပြက္ခဒိန်နှစ်မျိုးကို ဆေးရောင်စုံမျက်နှာဖုံးဖြင့် တစ်ပြိုင်တည်းထွက်ရှိပြီဖြစ်သည်။ တစ်နှစ်စာ ရေဖိုးငွေကျပ် အနည်းဆုံးငွေကျပ် ၂၀၀ လှူဒါန်းသူအား မြန်မာစက္ကူချောဖြင့် လည်းကောင်း၊ ငွေကျပ် ၃၀၀ လှူဒါန်းသူအား နိုင်ငံခြားစက္ကူဖြင့် လည်းကောင်း ပြက္ခဒိန်တစ်စောင်စီ လက်ဆောင်ပေးမည်ဖြစ်သည်။

ပြည်တွင်းပြည်ပ ရေအလှူဒါနခုနစ်မျိုးစုံအတွက် အနည်းဆုံးငွေကျပ် ၇၀၀ လှူဒါန်းသူ ဝေနေယျသုခဓမ္မာရုံ ဘက်စုံအလှူနှင့် ရာသက်ပန် သောက်ရေသန့် ရေပဒေသာပင်တစ်ပင်လျှင် ငွေကျပ်တစ်သောင်း အလှူရှင်များအား ကမ္ပည်းမော်ကွန်းတင်၍ ပြက္ခဒိန်များနှင့် ဂုဏ်ပြုလွှာ ပေးအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာဇက်စတန်နိုင်ငံသား မတ်စ်ကော့ဗ် ဒဗလျူဘီစီ ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာ

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လတ်စ်ဗီးဂတ်စ် ဩဂုတ် ၁၄

ဒဗလျူဘီစီ ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်လုပွဲကြီးကို လတ်စ်ဗီးဂတ်စ်မြို့၌ ဩဂုတ် ၁၃ ရက်က ကျင်းပရာ ကာဇက်စတန်ဖွား အိုလက်မတ်စ်ကော့ဗ်နှင့် လက်ရှိချန်ပီယံ ဟာစင် ရာမန်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ မတ်စ်ကော့ဗ်က နောက်ဆုံးအချိန်တွင် အမှတ်ဖြင့် ကပ်၍နိုင်ပြီး ဒဗလျူဘီစီ ခါးပတ်ကို လွှဲပြောင်း ရယူလိုက်သည်။

လဲကျ

အမေရိကန်ဖွား ဟဲဗီးဝိတ် ချန်ပီယံ ရာမန်သည် နောက်ဆုံးအချီတွင် မတ်စ်ကော့ဗ်၏ ဘယ်ညာတွဲလုံး ထိုးနက်ချက်များကြောင့် အထိနာခဲ့ပြီး ၄၃ စက္ကန့်ကြာ လဲကျသွားသည်။

အမှတ်ဖြင့်ရှုံးနိမ့်

မတ်စ်ကော့ဗ်က ပဥ္စမ၊ ဆဋ္ဌမနှင့် သတ္တမအချီများတွင် အသာစီးဖြင့် ထိုးသတ်နိုင်ခဲ့သည်။ သို့ရာတွင် အဋ္ဌမအချီတွင် ရာမန်က ပြန်လည်၍ တစ်ဟုန်ထိုး ထိုးနက်ခဲ့သည်။ ကိုးချီမြောက်တွင် မတ်စ်ကော့ဗ်၏ ဝဲလက်သီးချက်ကြောင့် ရာမန်နောက်ဆုံးအချီအထိ ကောင်းကောင်းပြန်မထိုးနိုင်တော့ဘဲ အမှတ်ဖြင့် ရှုံးနိမ့်သွားသည်။

အလဲထိုးချနိုင်

မတ်စ်ကော့ဗ်အား ဒိုင်လူကြီးသုံးဦးက ၁၀၆–၁၀၃၊ ၁၀၆–၁၀၃၊ ၁၀၅–၁၀၄ မှတ်ဖြင့် ၁၂ ချီအထိ ထိုးသတ်စေပြီး အနိုင်ပေးလိုက်သည်။ နောက်ဆုံးအချီတွင် မတ်စ်ကော့ဗ်က ပွဲစသည်နှင့် ရာမန်အား အလဲထိုးချနိုင်ခဲ့သည်။

ဟန့်တား

၎င်းအချီတွင် ရာမန်ဒယိမ်းဒယိုင် ဖြစ်နေချိန်တွင် မတ်စ်ကော့ဗ် တရစပ် ထိုးနေသဖြင့် ဒိုင်လူကြီး

ဒဗလျူဘီစီ လက်ဝှေ့ချန်ပီယံ ခါးပတ်လုပွဲတွင် မတ်စ်ကော့ဗ်(ယာ)**က ရာမန်၏ ရင်ဘတ်တည့်တည့်သို့ ညာလက်သီးတစ်လုံး ဤသို့ ပစ်သွင်းခဲ့သည်။**
(ဓာတ်ပုံ–အင်တာနက်)

ဂျေးနာဒီက ပြိုင်ပွဲကို ဟန့်တားလိုက်ရသည်။

ကြိုးစား

မတ်စ်ကော့ဗ်သည် ၂၀၀၄ ခုနှစ်က အမေရိကန်နိုင်ငံသားအဖြစ်ခံယူခဲ့ပြီး ဟဲဗီးဝိတ်ချန်ပီယံဖြစ်ရေး ကြိုးစားခဲ့သည်။ အသက် ၃၇ နှစ်ရှိ အဆိုပါ လက်ဝှေ့ချန်ပီယံသည် ရုရှားစစ်တပ်မှ အရာရှိတစ်ဦးဖြစ်သည်။

ရာမန်သည် ၂၀၀၁ ခုနှစ်က ဗြိတိန်သား လင်းနော့လူးဝစ်ကိုနိုင်ပြီး ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာသူဖြစ်သည်။ သို့သော်လည်း ခုနစ်လအကြာ လူးဝစ်နှင့်စိတ်မကျေပွဲ ပြန်လည်ထိုးသတ်ရာ ရှုံးနိမ့်ခဲ့သည်။ ၎င်းသည် ယူကရိန်းမှ ဗစ်တာလီကလစ်ချန်ကို လက်ဝှေ့လောကမှ အနားယူသွား ပြီးနောက် ဒုတိယအကြိမ် ဒဗလျူဘီစီ ဟဲဗီးဝိတ်ချန်ပီယံပြန်ဖြစ်လာသည်။ ပြီးခဲ့သောမတ်လက ဂျိမ်းစ်တိုနီနှင့် ထိုးသတ်ပြီး ၎င်း၏ ပထမဆုံးချန်ပီယံ သရဖူကို ကာကွယ်ထားနိုင်ခဲ့သည်။

လက်ရှိ ဒဗလျူဘီအေ ဟဲဗီးဝိတ်ချန်ပီယံမှာ ရုရှားမှ နီကိုလေးဗာလုဗ်ဖြစ်ပြီး အိုင်ဘီအက်ဖ် ဟဲဗီးဝိတ်ချန်ပီယံမှာ ယူကရိန်းမှ ဗလာဒီမာကလစ်ချန်ကိုဖြစ်သည်။ ဒဗလျူဘီအို ဟဲဗီးဝိတ်ချန်ပီယံမှာ ဘီလာရုစ် နိုင်ငံသား ဆာဂွိုင်းလတ်ဟိုဗစ်ဖြစ်သည်။

(အင်တာနက်)

လီဗာပူးတို့ကွန်မြူနတီဒိုင်းဆွတ်ခူးနိုင်မှု စိတ်ဓာတ်သာလွန်မှုဖြင့်ရာသီသစ်ကိုစတင်မည်

လန်ဒန် ဩဂုတ် ၁၄

လီဗာပူးအသင်းက ချယ်လ်ဆီးအသင်းကို ရာသီအကြို ကွန်မြူနတီ



လီဗာပူးအသင်းအတွက် အနိုင်ဂိုး သွင်းပေးပြီး ပရိသတ်များကို ဤသို့ အဝေးမှ အနမ်းဖြင့် နှုတ်ဆက်နေသည့် ပီတာခရော့ချ်။
(ဓာတ်ပုံ–အင်တာနက်)

ဒိုင်းလုပွဲတွင် နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး ဒိုင်းယူနိုင်ခဲ့ခြင်းသည် လီဗာပူးတို့ စိတ်ပိုင်းဆိုင်ရာ သာလွန်မှုဖြင့် ရာသီသစ်ကို ဝင်ရောက်လိမ့်မည်ဖြစ်ကြောင်း အနိုင်ဂိုးသွင်းသူ ပီတာခရော့ချ်က ပြောကြားလိုက်သည်။

ကန့်လန့်ကာအဖွင့်

အင်္ဂလန် တိုက်စစ်မှူး ပီတာခရော့ချ်သည် ပွဲပြီးရန် ၁၀မိနစ်အလိုတွင် လီဗာပူးအသင်းအတွက် ခေါင်းတိုက်ဂိုး သွင်းပေးခြင်းဖြင့် လီဗာပူးတို့ ပရီမီယာရှစ်ကန့်လန့်ကာအဖွင့်တွင် ဂုဏ်ပြုပွဲဖြင့် စတင်လိုက်ပြီဖြစ်သည်။

ခေါင်းတိုက်သွင်း

ပီတာခရော့ချ် အနိုင်ဂိုးသွင်းပေးသည့် ခေါင်းတိုက်ဂိုးမှာ ဘလက်ဘန်းမှ အင်န်ဖီးလ်သို့ ရောက်လာသော ဘယ်လာမီ ခုတ်တင်ပေးသည့် ဘောလုံးမှ တစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

ကွန်မြူနတီဒိုင်းပွဲစဉ်အပေါ် နည်းပြနှစ်ဦးတို့ပြောစကား

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ပရီမီယာလိဂ်ဘောလုံးရာသီ အကြိုအဖွင့်ပွဲစဉ်အဖြစ် ကွန်မြူနတီဒိုင်း ဘောလုံးပြိုင်ပွဲကို ချယ်လ်ဆီးနှင့်လီဗာပူးအသင်းတို့ ဩဂုတ် ၁၃ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးတို့က နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲနှင့် ပတ်သက်သည့် နည်းပြနှစ်ဦး၏ ရင်ဖွင့်သံများကို ဖော်ပြလိုက်ပါသည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟို

လီဗာပူးကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသဖြင့် ကွန်မြူနတီဒိုင်းပြိုင်ပွဲ၌ ချယ်လ်ဆီးတို့ လီဗာပူးလောက် မကောင်း ဆိုသောအချက်ကို နည်းပြမော်ရင်ဟို လက်ခံလိုက်ရပြီ ဖြစ်သည်။ လီဗာပူးတို့၏ စောစောစီးစီး အဖွင့်ဂိုးသွင်းယူခြင်းခံရသလို အနိုင်ဂိုးပါ သွင်းယူနိုင်ခဲ့ခြင်းမှာ ချယ်လ်ဆီး၏ လက်ရှိခြေစွမ်းမှာ ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် မညီမျှကြောင်း ချယ်လ်ဆီးဘုတ်အဖွဲ့က သုံးသပ်လိုက်သည်။

ပရီမီယာရှစ်အဖွင့် အရှုံးနှင့်ရင်ဆိုင်လိုက်ရ၍ မချိပြုံးပြုံးနေသော ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။
(ဓာတ်ပုံ–အင်တာနက်)

အကျိုးရှိ

သို့သော် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက "ပရီမီယာလိဂ်အကြိုပွဲစဉ်အဖြစ်ကြည့်ရင် ဒီပွဲရလဒ်က ကျွန်တော်တို့အတွက် အင်မတန်အကျိုးရှိစေတဲ့ ရလဒ်လို့မှတ်ယူရမှာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပရီမီယာလိဂ်ပွဲစဉ်တွေမှာ အကောင်းဆုံး အနေအထားဖြစ်အောင် ဘယ်လိုပြင်ဆင်ရမယ်၊ ဘာတွေလိုအပ်တယ်ဆိုတာ ကျွန်တော် သိလိုက်ရလို့ပါပဲ"ဟု ပြောကြားလိုက်သည်။

ကြည့်ကောင်း

ထို့အပြင် "ဒီပြိုင်ပွဲဟာ သိပ်အရေးကြီးတဲ့ပွဲစဉ်လဲ မဟုတ်ပါဘူး။ ဒါပေမယ့် ချယ်လ်ဆီးအသင်း ရှုံးပွဲကြုံတာတော့ သိပ်မကြိုက်ဘူး။ ကစားပုံချင်းကွဲပြားတဲ့ အသင်းနှစ်သင်းဆုံတဲ့ပွဲမို့ ကြည့်ကောင်းပါတယ်။ ဒီနေ့ပွဲမှာ လီဗာပူးကစားတာ ကျွန်တော်တို့ထက် ကောင်းတယ်။ ခံစစ်လုံတယ်၊ တိုက်စစ်ကို ဟန့်တားနိုင်တယ်။ ကျွန်တော့်အသင်း ကစားပုံကြည့်ပြီး သရေနဲ့အရှုံးဆိုတာ စောစောကတည်းက ကျွန်တော် ကြိုတွက်ထားခဲ့ပါတယ်"ဟု မော်ရင်ဟိုက ပြောကြားသည်။

လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်

"ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ဘဝင်မြင့်နေပုံရတယ်။ လီဗာပူးအသင်းက အရေးကြီးတဲ့ပွဲစဉ်တိုင်းမှာ ချယ်လ်ဆီးကို အနိုင်ရအောင်ကစားတတ်တာ မေ့နေပုံရတယ်။ ဒီနှစ် ပရီမီယာလိဂ်မှာ လီဗာပူးမှာ အဆင့်မရှိတဲ့ အသင်းလိုမျိုး ပြောထားတွေရှိတယ်။ လီဗာပူးဟာ ပြိုင်ပွဲတိုင်းကို အလေးထားပြီး ကစားနေတာဆိုတာ ပြလိုက်တာပဲ"ဟု ဘင်နီတက်ဇ်က ပွဲအပြီး ပြောကြားလိုက်သည်။

ကွန်မြူနတီဒိုင်းဆု ဆွတ်ခူးနိုင်မှုကြောင့် မော်ကြွားနေသော လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်။
(ဓာတ်ပုံ–အင်တာနက်)

ကာဒစ်ဖ်ထောင်စုကွင်း၌ လီဗာပူးနှင့် ချယ်လ်ဆီးတို့ ကစားခဲ့ပြီးနောက် လီဗာပူးက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ယူပြီးချိန်တွင် ဘင်နီတက်ဇ်နှင့် မော်ရင်ဟိုတို့ ထူးဆန်းစွာ လက်တွဲနှုတ်ဆက်ခြင်း မပြုလုပ်ကြချေ။ အစဉ်အလာအားဖြင့် ပရီမီယာလိဂ်ဘောလုံးပွဲ ကစားပြီးတိုင်း လေးစားမှုအရ နည်းပြတစ်ဦးနှင့် တစ်ဦးစိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ လက်ဆွဲနှုတ်ဆက်ကြရသည်။ ထိုသို့လက်ဆွဲနှုတ်ဆက်မှုမပြုခဲ့ခြင်းနှင့်ပတ်သက်၍ ဘင်နီတက်ဇ်က "ပြီးခဲ့တဲ့ အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အိုးထရက်ဖို့ဒ်မှာ ကစားခဲ့တဲ့ပွဲနောက်ပိုင်းမှာ မော်ရင်ဟိုနဲ့ လက်ဆွဲနှုတ်ဆက်ဖို့ မလုပ်တော့ဘူးလို့ ဆုံးဖြတ်ခဲ့တယ်။ ဒီအချိန်မှာ သူ့ကိုလက်ဆွဲနှုတ်ဆက်ဖို့ မလိုပါဘူး။ လက်ရှိပွဲရလဒ်အရ မော်ရင်ဟိုက ကျွန်တော့်နောက်မှာပါ"ဟုလည်း ဘင်နီတက်ဇ်က ပြောကြားသည်။

ထို့အပြင် ယခုပြိုင်ပွဲရလဒ်နှင့် ပတ်သက်၍လည်း "ပွဲရလဒ်အရ ဝမ်းသာစရာပါပဲ။ ဒီနှစ် ပရီမီယာလိဂ်မှာ ကံကောင်းမယ့်နိမိတ်ပုံလို့ မှတ်ယူရမှာပါ။ အခုပွဲမှာ ကျွန်တော့်ဘောလုံးသမားတွေ ရာနှုန်းပြည့် မကစားနိုင်ကြဘူး။ ကြံ့ခိုင်မှုလိုနေဆဲမို့ ဂျရတ်လည်း ပွဲချိန်ပြည့် မကစားနိုင်ခဲ့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ယှဉ်ပြိုင်တဲ့ဘောလုံးပွဲတိုင်း အနိုင်ရအောင် ကြံစည်အားထုတ်သွားရမှာပါ။ အောင်မြင်မှုဆိုတာ ကြိုးစားမှုနဲ့ယုံကြည်မှုတွေအပေါ်မှာ မူတည်တာပါပဲ။ ကျွန်တော်က ပွဲတိုင်း ဘယ်လိုကစားရတယ်ဆိုတာ နည်းလမ်းရှာကြံနေတဲ့သူပါ" ဟုလည်း လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ဖွင့်ဟပြောကြားသွားသည်။ ။

(အင်တာနက်)

နာမည်ကြီးမိုက်ကယ်ဘောလက် ပရီမီယာရှစ်အဖွင့်ပွဲနှင့် လွဲဖွယ်ရှိ

လန်ဒန် ဩဂုတ် ၁၄

ချယ်လ်ဆီးအသင်းမှ နွေရာသီက ခေါ်ယူလိုက်သော မိုက်ကယ်ဘောလက်သည် ကွန်မြူနတီဒိုင်း ပြိုင်ပွဲအစတွင် ခြေထောက် ဒဏ်ရာရသွားသဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။

ပြောင်းရွှေ့လာ

ယင်းဒဏ်ရာကြောင့် ပရီမီယာရှစ် အဖွင့်ပွဲစဉ်တွင် မိုက်ကယ်ဘောလက် ပြိုင်ပွဲနှင့်လွဲဖွယ်ရှိသည်။ ၎င်းသည် ဘိုင်ယန်မြူးနစ်မှ ချယ်လ်ဆီးသို့ နွေရာသီက ပြောင်းရွှေ့လာခြင်းဖြစ်သည်။

လွဲဖွယ်ရှိ

ချယ်လ်ဆီအသင်းသည် ပရီမီယာရှစ်အဖွင့်တွင် လာမည့် တနင်္ဂနွေနေ့၌ မန်စီးတီးနှင့် ကစားရမည်ဖြစ်ရာ ဂျိုကိုးလ်၊ပီတာဆက်ချ်၊ မက်ခ်လီလီနှင့် ဝီလျံဂါးလက်စ်တို့လည်း လွဲဖွယ်ရှိသည်။ **(အင်တာနက်)**



ကွန်မြူနတီဒိုင်းလုပွဲတွင် ခြေထောက်ဒဏ်ရာကြောင့် လူစားလဲခံရသည့် မိုက်ကယ်ဘောလက် ပရိသတ်များအား နှုတ်ဆက်ထွက်ခွာ သွားခဲ့စဉ်။
(ဓာတ်ပုံ–အင်တာနက်)

POWER PALACE HOTEL

ကာလာစုံ ရန်ကုန်လမ်းညွှန်
2007
(19, August, 2006.)
(YDG) 95-01-245358, 373254, 256285 Ext : 810 to 819
(MDG) 95-02-64508, 28967
ဘာပဲလိုလို ရန်ကုန်လမ်းညွှန် ထဲမှာရှိတယ်

Master Tourism English to Master Tourism
Tour Industry
Tourism English
ASIA TRAINING & EDUCATION CENTER
ATEC

ကျေးဇူးဆပ်ပါမည်
ဦးဇေယျာဝင်း ၁၂/မဂတ(နိုင်) ၀၀၀၂၆၉ ပိုင်ဆိုင်သော ယာဉ်အမှတ် န/၅၇၉၁၏ အခွန်ပုံစံ(၁)အစိမ်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း – ၀၁–၅၀၀၂၂၀။**

ကျေးဇူးဆပ်ပါမည်
ကျွန်တော် ဇေယျာမျိုးညီညီ CDC အမှတ်–၄၉၄၆၃၏ သင်္ဘောသား Certificate များပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း–၇၀၅၆၇၈။**

KMD Computer Centre
i-Office :: Graphics Design :: Desktop Publishing :: Email & Web Design :: Advanced Excel :: Multimedia Creation
:: Basic SE :: Advanced SE :: Programming Courses :: LCCI Courses :: Networking Courses :: NCC Courses

မူးယစ်ဆန့်ကျင်
အောင်ပွဲဆင်

သားအဖြစ်မှစွန့်လွှတ်ခြင်း
မောင်ထူးဇော်လင်း ၁၂/ဥကတ(နိုင်)၀၀၀၂၈၀သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သဖြင့် ၁၄–၈–၂၀၀၆ရက်မှ စ၍ အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ **ဦးကြည်အေး**
၁၂/ဥကတ(နိုင်)၀၉၈၆၇၄။

ဦးအောင်ဟိန်းကျော်
-Translation
Ph- 09-5171841

လင်းခေးမြို့ရှောင်လမ်း(မြို့မအနောက်ရပ်)ရေပြွန်တံတားသစ်ဖွင့် ခရိုင်ဖွံ့ဖြိုးတိုးတက်မှု စာပေနှင့်ပန်းချီပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော လင်းခေးခရိုင် ဖွံ့ဖြိုးတိုးတက်မှု စာပေ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂ရက် နံနက်၉နာရီက နွယ်ဝတီခန်းမ၌ ကျင်းပသည်။

နံနက်၇နာရီတွင် အခမ်းအနားမကျင်းပမီ လင်းခေးမြို့နယ်ဒေသဖွံ့ဖြိုးရေးတံတားဖြစ်သည့် မြို့ရှောင်လမ်း(မြို့မအနောက်ရပ်) ရေပြွန်တံတားသစ် ဖွင့်လှစ်သည့် အခမ်းအနားကို ဦးစွာကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက တံတားတည်ဆောက်ပေးရခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် အဆိုပါတံတားသစ်အား တပ်နယ်မှူး ဗိုလ်မှူးကြီး မြင့်ဝေ၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းနှင့် မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးတင့်ဝေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်ပြီး ဌာနဆိုင်ရာများနှင့် ဧည့်ပရိသတ်များအားလုံးက တံတားအား လမ်းလျှောက်ကြည့်ရှုကြသည်။အဆိုပါတံတားသည် နိုင်ငံတော်ကထောက်ပံ့ငွေ ကျပ်သိန်း၅၀ဖြင့် တည်ဆောက်သော တံတားဖြစ်သည်။

ပါဝင်စိုက်ပျိုး

ဆက်လက်ပြီး အဆိုပါ တံတားတည်ရှိရာ တံတားချဉ်းကပ်လမ်းဘေး ဝဲယာတို့တွင် ရေတမာပင်များကို စိုက်ပျိုးကြရာ တပ်နယ်မှူး၊ ခရိုင်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှပုဂ္ဂိုလ်များက ပါဝင်စိုက်ပျိုးပေးခဲ့ကြသည်။

ဆုချီးမြှင့်

ဆက်လက်ပြီး နံနက်၉နာရီတွင် ခရိုင်ဖွံ့ဖြိုးတိုးတက်မှုစာပေ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲဆုချီးမြှင့်သည့်အခမ်းအနားကို ကျင်းပရာ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲ၌ ဆုရရှိသူများကို ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်သည်။ တစ်ဆက်တည်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်းနှင့်ဝက်မွေးမြူရေးဘဏ်ဖွင့်လှစ်ပေးခြင်းတို့ကိုကျင်းပသည်။

ဆက်လက်၍ ထိုနေ့ညပိုင်းတွင် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးအသင်းအဖွဲ့များ လှုပ်ရှားမှုနှင့်ဌာနဆိုင်ရာ ရုံးများသန့်ရှင်းလှပသာယာမှုပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက အမှာစကား ပြောကြားပြီး ဆုရရှိသည့် ပြိုင်ပွဲဝင် မြို့နယ်အသီးသီးနှင့် ဌာနဆိုင်ရာများအား ဥက္ကဋ္ဌနှင့်အဖွဲ့က ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ယာဉ်သွားလာမှုလွယ်ကူရန်လမ်းများပြုပြင် အရည်အသွေးပြည့်မီရေး ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်၇နာရီက ရန်ကင်းမြို့နယ် စက်မှုလမ်းသို့ရောက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတို့က စက်မှုလမ်းတစ်လျှောက် ယာဉ်သွားလာမှုလွယ်ကူစေရေးအတွက် ကွန်ကရစ်ကတ္တရာဖြင့် လမ်းသားပြုပြင်ဆောင်ရွက်နေမှုနှင့် ရန်ရှင်းလမ်း၌ လမ်းသားကောင်းမွန်စေရန် ပြုပြင်ဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် တာမွေမြို့နယ် သံသုမာလမ်းတစ်လျှောက် နတ်ချောင်းအနီးမှ ဝေဇယန္တာလမ်းဆုံအထိ လမ်းများကောင်းမွန်စေရန် လမ်းသားပြုပြင်နေမှု၊ သဃ်န်းကျွန်းမြို့နယ်၌ PRE MIX ဖြင့် ယာဉ်သွားလာမှုလွယ်ကူချောမွေ့စေရန် လမ်းသားပြုပြင်ဖာထေးနေမှု၊ သံသုမာလမ်းရှိ ရေနံ့သာဈေးအတွင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဆန်အရောင်းဆိုင်မှ ဧည့်မထ(၂၅မှတ်)ဆန် လူတစ်ဦးလျှင် ခြောက်ပြည်အထိ လွတ်လပ်စွာ ရောင်းချပေးနေမှု၊ အဆိုပါဈေးအတွင်း လမ်းပြုပြင်ရာတွင် အသုံးပြုမည့် PRE MIX ကတ္တရာကျိုချက်နေမှုနှင့် မရမ်းကုန်းမြို့နယ် ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းဆုံအနီး ဝေဇယန္တာလမ်းမကြီး လမ်းပေါက်ဖာပြုပြင်ထိန်းသိမ်းနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က တာဝန်ရှိသူများအား လမ်းပေါ်ရေမတင်ရှိစေရေး၊ အရည်အသွေးစံချိန်စံညွှန်းပြည့်မီစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာ၌ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

မိတ္ထီလာ ဩဂုတ် ၄

မိတ္ထီလာမြို့ ပြည်သာယာတောင်ရပ်ကွက်တွင် မီးဘေးသင့် ပြည်သူများအား ထောက်ပံ့ပွဲ အခမ်းအနားကို ဇူလိုင် ၃၀ရက် နံနက် ၈ နာရီခွဲက အဆိုပါ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဦးကျော်တင့်က ထောက်ပံ့လှူဒါန်းငွေနှင့် ပစ္စည်းများရရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလူတင်နှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက မီးဘေးသင့်အိမ်ထောင်စုရှစ်စုတို့အား ထောက်ပံ့ငွေနှင့် ပစ္စည်းများ၊ ဆန်ဆီ၊ အဝတ်အထည်များကို ပေးအပ်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အမှတ်(၄)ရေတွန်းစက်ရုံနှင့် ကလိုရင်းစက်ရုံတည်ဆောက် တံခွန်တိုင်တံတားမှ မြို့သစ်ပန်းခြံအထိ ကျောက်ထပ်ပိုးလွှာခင်း

မန္တလေး ဩဂုတ် ၃

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်း၊ ဦးစောလွင်နှင့် ဌာနမှူးများလိုက်ပါလျက် ဇူလိုင် ၃၁ရက် နံနက် ၈နာရီက ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအနီး နွေစပါးရိတ်သိမ်းမှုလုပ်ငန်း၊ မြို့ပတ်လမ်းမ အကြီးစားလမ်းပြုပြင် ကတ္တရာခင်းခြင်းလုပ်ငန်း၊ အောင်မြေသာစံမြို့နယ် နန်းရှေ့ရေစစ်ကန်အနောက်ဘက် သဲရေစစ်ကန်၊ ရေဂါလန် ငါးသိန်းဆံ့ ရေလှောင်ကန်၊ အမှတ်(၄)ရေတွန်းစက်ရုံ၊ ကလိုရင်းစက်ရုံတည်ဆောက်မှုလုပ်ငန်းများနှင့် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်တံတားမှ စက်မှုမြို့သစ် ပန်းခြံထိပ်အထိ ရန်ကုန်-မန္တလေးကားလမ်းမကြီးအား နိုင်လွန်ကတ္တရာလမ်းခင်းရန်အတွက် ကျောက်ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ (အပေါ်ပုံ)

ရှေးဦးစွာမြို့တော်ဝန်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအနီးရှိမန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနက စိုက်ပျိုးထားသော နွေစပါး ဧက ၁၀၀တွင် စပါးရိတ်သိမ်း ခြွေလှေ့စက်ဖြင့် ရိတ်သိမ်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေး-မတ္တရာကားလမ်းမှ အစိုးရနည်းပညာကောလိပ်အထိမြို့ပတ်လမ်းမကြီးအား အကြီးစား ပြုပြင်ကတ္တရာခင်းမှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာန ဌာနမှူး ဦးအောင်စိုးနှင့် အင်ဂျင်နီယာများက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် ရေစစ်ကန်အနောက်ဘက်ရှိ သဲရေစစ်ကန်၊ ရေဂါလန် ငါးသိန်းဆံ့ ရေလှောင်ကန်၊ အမှတ်(၄)ရေတွန်းစက်ရုံနှင့် ကလိုရင်းစက်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာရေနှင့် သန့်ရှင်းမှုဌာန ဌာနမှူးဦးထွန်းကြည်က တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်တံတားမှ စက်မှုမြို့သစ်ပန်းခြံအထိ ရန်ကုန်-မန္တလေး ကားလမ်းမကြီးကို နိုင်လွန်ကတ္တရာ လမ်းခင်းရန်အတွက် ကျောက်ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လုပ်ငန်းအပိုင်းအလိုက် တာဝန်ယူ ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရေနံချောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့သန့်ရှင်း သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်မှုကို ဩဂုတ် ၂ရက်က မကွေးတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ ၊မကွေးတိုင်း စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးညိုဝင်းမြင့်၊ မကွေးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးတို့က လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဇူလိုင် ၂၈ ရက်က မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့ပြလမ်းတံတားနှင့် ကျေးလက်လမ်းရေပေးရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မော်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမော်လွင်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ်
(ဝါခေါင်လပြည့်ကျော် ၈ ရက်)
၁၆-၈-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၀၉:၀၀ နဝင်္ဂဥပေါသထသီလပေး တရားတော် (ဘဒ္ဒန္တ ကေသရ)
၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (တန်ဖိုးမြှင့်ထုတ်ကုန်နို့ထွက်ပစ္စည်းလုပ်ငန်း)
၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (ပျောက်ကွယ်နေသော ဆွမ်းဆန်ဖွပ်မောင်းတေးချင်းများ)
၁၂:၁၅ တရားတော် (အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသ-စိတ်တစ်ခုကိုထိန်း သောကငြိမ်း တရားတော်)
၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (သမုဒ္ဒရာအထိ နက်ဝန်းတဲ့ အချစ်ဆိုသော ထိုအရာ-ယံယံနှင်းဆီ)
၁၂:၃၅ သီချင်းကြီးပဒေသာ
(၁) လွမ်းခလေ့(ပတ်ပျိုး) သန်လျင်ညိုသန့်
(၂) ဟောဝန်စုံမြိုင်(ပတ်ပျိုး) ဦးဘခိုင်

ညနေပိုင်း

၁၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ (ဇောဗျာ်သုတ်ပါဠိနှင့်အနက်)
၁၇:၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) သဲကြီး မဲကြီး
(၂) ပျားရည်မြစ်ကလေး
(၃) မိုးရေစက်ကလေးများ ဥပမာတင်
၁၇:၃၀ အစာနှင့်အာဟာရ (သခွားသီးသုပ်နှင့် ကြောင်လျှာသီးသုပ်)
၁၇:၄၅ သူ့လက်သံ (အဆို၊အက၊အရေး၊အတီးဆုရ ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာ၏ ဂီတာလက်သံ)
၁၈:၄၀ စာအုပ်စာပေ လူ့မိတ်ဆွေ
(၁) စိတ်အားဖြင့် ခမ္မနင်းပွင့် (အရှင်ဆန္ဒာဓိက-ရွှေပါရမီတောရ)
(၂) ပညာကြယ်ပွင့်စာစီစာကုံးများ ဦးရဲဝေ (မြန်မာစာ)
၁၉:၁၅ မြန်မာမှု မြန်မာ့သဘင်(ကွပ်စိတ်) (တွံတေးဒဂုံဆရာညွန့်၏ ဗုဒ္ဓဝင် မောင်စံပြည်တော်ပြန်ခန်း)
၂၀:၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး (STAR တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် စိုင်းဆိုင်မောဝ်၏ Unplugged တေးစီးရီး)
၂၀:၅၀ မင်းကွန်းဆရာတော်ကြီး၏ အရပ် ၁၀ မျက်နှာ မေတ္တာဘာဝနာတရားတော်

ကျောင်းကုန်း မိုးပြာမူလတန်းလွန်ကျောင်းဆောက်ရန် အလှူငွေပေးအပ်၊ ဆုချီးမြှင့်ပွဲကျင်းပ

ကျောင်းကုန်း ဩဂုတ် ၂

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၆ရက် နံနက် ၁၁ နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မိုးပြာကျေးရွာအုပ်စု မိုးပြာအခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးဇော်မင်းထွန်း၊ မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းထွန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အလှူငွေ ပေးအပ်ပွဲကျင်းပရာ ဦးကြည်ဝင်း-ဒေါ်မြင့်မြင့်ဦး မိသားစု အမှတ်(၂)ရပ်ကွက် (ပဲမျိုးစုံရောင်းဝယ်ရေး)က ငွေကျပ်၁၅ သိန်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၃၀၀၀၀၊ ကျေးရွာပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့က ငွေကျပ် ၁၀၀၀၀ စီ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးသန်းရီက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် သူငယ်တန်းမှ သတ္တမတန်းအထိ ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အလှူရှင် အမှတ်(၂) ရပ်ကွက် ဦးစိုးလွင်မော်-ဒေါ်ရွှေရည်ဝင်း မိသားစုက ကျောင်းသုံးဗလာစာအုပ် ၁၂ဒါဇင်အား လှူဒါန်းရာ ကျောင်းအုပ် ဆရာကြီး ဦးသန်းရီက လက်ခံယူသည်။ **(၂၆၅)**

မြောင်းမြခရိုင် ဥက္ကဋ္ဌဖလား ငါးမြို့နယ် အသက်(၁၇)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၁ရက်က မြောင်းမြမြို့ မြို့မဘောလုံးကွင်း၌ ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော မြောင်းမြ မြို့နယ်အသင်းအား ခရိုင်ဥက္ကဋ္ဌကိုယ်စား ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုးသူ ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

စက်ရေတွင်းများ ပြုပြင်ထိန်းသိမ်း သင်တန်းဖွင့်

မြင်းခြံ ဩဂုတ် ၃

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်းရှိ ကျေးရွာများ ရေရရှိရေးဆောင်ရွက်ပေးခဲ့ပြီးဖြစ်သော်လည်း ကျေးရွာအလိုက် တူးဖော်ပေးခဲ့သောစက်ရေတွင်းများ ပျက်စီးချို့ယွင်းမှုမရှိ သုံးစွဲနိုင်ရေးအတွက် စက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း သင်တန်းကို ဇူလိုင် ၁၈ ရက်က အင်ဂျင်နီယာမှူး ဦးစိုးနိုင်၊ လက်ထောက်အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ (၂)ဦးလင်းလင်းထွန်းတို့ ဦးဆောင်၍ ဇီးပင်ကန်ကျေးရွာတွင် သင်တန်းဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ပဲခူးတိုင်း ဝေါမြို့နယ်အတွင်း ငါးမျိုးပြုန်းတီးမှုမဖြစ်စေရန်နှင့် ငါးမျိုးပြန့်ပွားစေရန် ရည်ရွယ်၍ ဇူလိုင် ၆ရက် ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်သိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးနိုင်ဝင်းဆွေ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိုးမော်ဒင်နှင့် ဝန်ထမ်းများ၊ သနပ်ပင်မြို့နယ် ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးဝင်းသိန်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ပဲခူး-စစ်တောင်းတူးမြောင်း၊ မိုးယွန်းကြီးအင်းနှင့် သဘာဝရေပြင်များတွင် ငါးမြစ်ချင်းသားပေါက် ကောင်ရေ ခုနစ်သိန်း ငါးမျိုးစိုက်ထည့်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရား ဘုံနန်းပြာသာဒ်ဆောင်တည်ဆောက်မည်

ရွှေတောင် ဩဂုတ် ၉

ရွှေတောင်မြို့ ရေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရားကြီး ကိန်းဝပ်စံပယ်တော်မူသော (ဝဲပုံ) ဂန္ဓကုဋိတိုက်၏ အထက်ဆင့်၌ ဘုံခုနစ်ဆင့်ပါဝင်သည့် ဘုံနန်းပြာသာဒ်တစ်ဆောင် တည်ဆောက်ရာတွင် ကျပ်သိန်း ၂၅၀ခန့် ကုန်ကျမည်ဖြစ်၍ စေတနာရှင်များ ဘုံအဆင့်လိုက် လှူဒါန်းလိုပါက ရွှေမျက်မှန်ဘုရားဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးမင်းဆွေ၊ အတွင်းရေးမှူး ဦးဝိုင်းတင် ဖုန်း-၀၉-၅၃-၁၀၉၆၃၊ ဒေါ်ညွန့်ညွန့်ခင် အမှတ်(၁၃၁) အနောက်ဘက်တန်း ဗိုလ်ချုပ်အောင်ဆန်းဈေး မြပိုးထည်တိုက် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁-၄၀၂၀၃ နှင့် ဦးကျော်အေး ဖုန်း-၃၇၁၇၄၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၆)**

မော်လမြိုင်မြို့ မောင်ငံရပ်ရှိ သံဃာတော်အရှင်သူမြတ် အပါး ၅၀၀ သီတင်းသုံးသော မြစေတီစာသင်တိုက် (ရဲကျောင်း)တွင်သောက်ရေစင်တည်ဆောက်ရန်အတွက် ဇူလိုင် ၂၀ ရက်က ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံ မောင်ငံရပ်တောင်ဝိုင်းလမ်းနေ လန်ဒန်တက္ကသိုလ် (အငြိမ်းစား) ပါမောက္ခ ဒေါက်တာလှဘောနှင့် ဇနီး ဒေါ်သန်းမြတို့က ဒေါ်လာ ၄၀၀၀ ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

မြိတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွေ့အကြုံရှင်းလင်း၊ ဆယ်အိမ်စုမှူးများ တာဝန်ပေးအပ်

မြိတ် ဩဂုတ် ၅

မြိတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် မြိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့ ပူးပေါင်းကျင်းပသော ဆယ်အိမ်စုမှူးများ တာဝန်ပေးအပ်ခြင်းနှင့် လုပ်ငန်းအတွေ့အကြုံရှင်းလင်းပွဲကို ဇူလိုင် ၂၉ရက် နံနက် ၉နာရီက မြိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက အဖွင့်အမှာစကားပြောကြားပြီး မြိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ညွန့်ညွန့်လွင်က ကျန်းမာရေးကဏ္ဍကို လည်းကောင်း၊ မြို့နယ် ပညာရေးမှူးဦးကျော်ရှိန်က ပညာရေး ကဏ္ဍကို လည်းကောင်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘဏ္ဍာရေးမှူးဒေါ်မေလှိုင်က စီးပွားရေး ကဏ္ဍကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်သန်းသန်းဆင့်က လူမှုရေးကဏ္ဍကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနလက်ထောက်မြို့နယ်မှူးဒေါ်စန်းမူက ပြည်သူများသိစေရန် လိုအပ်သည့် အမျိုးသားမှတ်ပုံတင်ရေးဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးတင်ပြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့်ဝန်ထမ်းများစုပေါင်း၍ ဇူလိုင် ၁၇ရက်က ကျောက်ပန်းတောင်း-မိတ္ထီလာကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာ၌ ပန်းအလှပင်များ အစားထိုးလဲလှယ်ကြစဉ်။ (၀၆၁)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင် အထည်ဖော်ရေး လုပ်ငန်းကော်မတီက ဆောင်ရွက်လျက်ရှိသော လှိုင်ကော်မြို့ ဘီလူးချောင်းကမ်းပါးမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ဩဂုတ် ၉ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဝင်းအောင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဆောင်းပါးများပြိုင်ပွဲ စာမူများပေးပို့နိုင်

ပျဉ်းမနား ဇူလိုင် ၂၅

ပျဉ်းမနားမြို့ ဗုဒ္ဓဓမ္မစာကြည့်တိုက် တပ်တွင်းဓမ္မာရုံ ဗုဒ္ဓ၏စာပေလေ့လာရေး အဖွဲ့က သားသမီးကိုချစ်ပါလျှင် ဓမ္မအမွေပေးစေချင် ဆောင်းပါးပြိုင်ပွဲကို ကွန်ပျူတာ စာစီသုံးမျက်နှာ၊ လက်ရေးမူ ငါးမျက်နှာ ကိုယ်တိုင်ရေး ဝန်ခံချက်နှင့် ကဗျာပြိုင်ပွဲတွင် ဗုဒ္ဓစာပေ၊ မြန်မာ့အမွေ ခေါင်းစဉ်းဖြင့် စာလုံးရေ ကန့်သတ်ချက်မရှိ စာမူများကို စက်တင်ဘာ ၁ရက် နောက်ဆုံးထား၍ ဗုဒ္ဓဓမ္မစာကြည့်တိုက် တပ်တွင်းဓမ္မာရုံ၊ ဗုဒ္ဓဓမ္မ စာပေလေ့လာရေး အဖွဲ့သို့ ပေးပို့ကြရမည်ဖြစ်သည်။

ချီးမြှင့်မည်

ပျဉ်းမနားမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က တတိယအကြိမ်မြောက် ကျင်းပသော ဗုဒ္ဓသာသနာအဆုံးအမ၊ မြန်မာ့ယဉ်ကျေးမှုဖြင့် အေအိုင်ဒီအက်(စ်)ရောဂါကာကွယ်တားဆီးရေး ဆောင်းပါးပြိုင်ပွဲစာမူများကို ဦးတင်ဝင်း (ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေး) ဘဲလေးဗီဒီယိုရိုက်ကူးရေး ဗိုလ်ချုပ်လမ်းနှင့် ဦးမြင့်လွင် (စံကောင်း)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပျဉ်းမနားသို့ စက်တင်ဘာ ၁၀ ရက် နောက်ဆုံးထား ပေးပို့ကြရမည်ဖြစ်ပြီး ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၁၂ ရက်နေ့ ကမ္ဘာ့အေအိုင်ဒီ အက်(စ်)နေ့တွင် တပ်တွင်းဓမ္မာရုံကြီး၌ အခမ်းအနားဖြင့် ဆုများချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။ **(၁၀၁)**

ပညာ့ဘဏ်တိုက် စာကြည့်တိုက်နှစ်ပတ်လည်နေ့ကျင်းပ စာစီစာကုံးပြိုင်ပွဲ ဆုရသူများ ဆုပေးအပ်ချီးမြှင့်

ငဖဲ ဩဂုတ် ၃

ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ဆင်ချဉ်တိုင်ကျေးရွာအုပ်စု ပညာ့ဘဏ်တိုက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်ဝင်းမေက စာကြည့်တိုက်များ တည်တံ့ခိုင်မြဲရေးအတွက် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားပြီး အခြေခံပညာမူလတန်းကျောင်းမှ ဆရာမဒေါ်အေးအေးသန်းက ပညာ့ဘဏ်တိုက် စာကြည့်တိုက် အကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ထို့နောက်ပညာ့ဘဏ်တိုက် စာကြည့်တိုက်ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲဆုရရှိသူ သုံးဦးအား ကျောင်းအုပ်ဆရာကြီးဦးချိုချိုထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်ဝင်းမေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအာဝါးတို့က ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျိုင်းတုံမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးပတ်လည်တွင် အမှိုက်များရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ ပုံသွင်းခြင်းလုပ်ငန်းများဆောင်ရွက်ရာ ဇူလိုင် ၂၁ ရက်က ခေတ္တအမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဌေးကြွယ်နှင့် အင်ဂျင်နီယာမှူး ဦးဉာဏ်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ထားဝယ်၌ မိုးစပါး ဆင်းသွယ်လတ်စိုက်ပျိုး

ထားဝယ် ဩဂုတ် ၅

ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမောင်ညိုနှင့် ခရိုင်၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြေစာရင်း ဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၅ ရက်က ထားဝယ်မြို့နယ် ဇဟာကျေးရွာမိုးစပါး စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းလွင်နှင့်အဖွဲ့ ဇဟာကျေးရွာ ဘဲဇပ်ကွင်း ကွင်းအမှတ်(၉၇)တွင် ဆင်းသွယ်လတ်ဧက ၅၀စိုက်ပျိုးပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ခရိုင်ဥက္ကဋ္ဌက ကွင်းအတွင်းလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ထားဝယ်မြို့နယ် ကနိုင်းဒါကျေးရွာရှိ ကွင်းအမှတ်(၁၃၆)တွင် စမ်းသပ်စိုက်ပျိုးထားသော ပေါ်ဆန်းမွှေးဧက ၂၀ ကို သွားရောက်စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဘိုကလေးမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၂၃ရက်က အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌဦးလှမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တာချီလိတ်ခရိုင် ပြန်/ဆက်ဦးစီးဌာနကြီးမှူး လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းဖွင့်

တာချီလိတ် ဇူလိုင် ၂၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ခရိုင်၊ မြို့နယ်ရုံးများမှ ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၈ နာရီက ခရိုင်ရုံး e-Library ခန်းမ၌ ကျင်းပသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးစိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကြည်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းစည်းမျဉ်းစည်းကမ်းများ ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ ခရိုင်နှင့် မြို့နယ်ရုံးများမှ ဦးစီးမှူးများ၊ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်အတွက် ဆရာမကြီး ဒေါ်မိမိခင် (ကထိက-ငြိမ်း၊ ရူပဗေဒဌာန ရန်ကုန်တက္ကသိုလ်)အား ရည်စူးပြီး ဆရာ ဆရာမများအား အမှူးထား၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ် ၂၉/၃၀ လင်းလွန်းလမ်း စာသင်ဝိုင်းမှ ကျောင်းသူလေးများက အလှူငွေကျပ်တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးသန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိဗ္ဗာန်ရွှေဂူတောရရိပ်သာသို့ အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၄

ဓေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယB.A) ဝါကပ်သီတင်းသုံး တည်ထောင်ဆောက်လုပ်လျက်ရှိသော ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် အမှတ်(၅) မေခလမ်းရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာသို့ အဝင်မုခ်ဦးနှင့် မဟာရံတံတိုင်းအတွက် အလှူရှင်များ လှူဒါန်းလျက်ရှိရာ ဦးစစ်ပို့အားရည်စူး၍ ဒေါ်တင်ယုံမိသားစု မြရတနာ(၁)လမ်း မြောက်ဥက္ကလာပမြို့နယ်က ငွေကျပ် ၅၀၀၀၀၊ နှစ်ဖက်မိဘများအား ရည်စူး၍ ဦးခင်ဝင်း-ဒေါ်ကြည်ကြည်ငွေ၊ သမီး သဲသဲဝင်းဆု၊ သား ငြိမ်းချမ်းထွန်းမိသားစု အခန်း(၁) တိုက်(၂၈)၄/အရှေ့ရန်ကင်းက ငွေကျပ် ၅၀၀၀၀တို့ကို လှူဒါန်းကြသည်။

လှူဒါန်းလိုသူများ ဆရာတော် ဖုန်း- ၀၉ ၅၁ ၃၇၀၈၆၊ ဦးတင့်လွင် ဖုန်း-၀၉ ၅၀ ၀၄၅၅၂၊ ၆၃၈၁၁၄၊ ဦးငွေမြင့် ဖုန်း-၆၆၁၃၄၄၊ ဦးကျော်မင်း ဖုန်း- ၆၆၁၅၅၃နှင့် ဦးမြင့်မောင် ဖုန်း-၇၂၆၅၀၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**(က-ပ)**

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော် သတ္တဌာနဝင်းအတွင်းရှိ ကမ္မဋ္ဌာန်းကျောင်းဆောင် ဆောက်လုပ်လှူဒါန်းရန်အတွက် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်နေ ဦးထွန်းအောင်ကျော်-ဒေါ်သိင်္ဂီမြင့်၊ ညီမ ဒေါ်စန္ဒာမြင့်၊ သမီး မပန်းအိခြွေခင်မိသားစုက အလှူငွေကျပ် ၂၀၀၀၀၀ကို ဂေါပကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ဘဏ္ဍာရေးမှူး ဦးလှသိန်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ဆန်ဈေးနှုန်းကျဆင်းစေရန်ရည်ရွယ် ပေါက်ဈေးထက် သက်သာသောနှုန်းဖြင့် ရောင်းချပေး ရန်ကုန်မြို့၏ နေ့စဉ်ဆန်လိုအပ်ချက် ဖြည့်ဆည်းနေ

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များ အသင်း၏ စီစဉ် ကြီးကြပ်မှုဖြင့် ဆန်စပါး ကုန်စည်ဒိုင်တွင် ဩဂုတ် ၆ ရက်မှ စ၍ ဆန်ဈေးနှုန်း ကျဆင်းစေရန် ရည်ရွယ်၍ ဘုရင့်နောင် ဆန်ပွဲရုံများက ဆန်များကို နေ့စဉ် ပေါက်ဈေးထက် သက်သာသော နှုန်းထားများဖြင့် ရောင်းချပေးလျက် ရှိသည်။ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များ အသင်း ဆန်စပါး ကုန်စည်ဒိုင်သည် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် လမ်းသစ်လမ်းနှင့် ဝါးတန်းလမ်းကြားတွင် တည်ရှိပြီး နေ့စဉ် ပိတ်ရက်မရှိ ရောင်းချပေးလျက် ရှိသည်။ နေ့စဉ် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းများမှ ဝင်ရောက်သော ဆန်များအား ကုန်စည်ဒိုင် အတွင်း လာရောက် ရောင်းချပေးလျက်ရှိပြီး ရန်ကုန်မြို့၏ နေ့စဉ် ဆန်မျိုးစုံ လိုအပ်ချက်နှင့်အခြား ဒေသများ လိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးလျက် ရှိသည်။ တစ်ရက်လျှင် ဆန်အိတ်ပေါင်း ၄၀၀၀၀ မှ ၅၀၀၀၀အထိ ဝင်ရောက်လျက် ရှိကြသည်။

၂၀၀၆ ခုနှစ် ဩဂုတ်လဆန်းမှ စ၍ ဆန်သစ်များ ပေါ်ထွက်လာတော့မည် ဖြစ်ရာ ဆန်ဈေးနှုန်းများ သိသိသာသာ ကျဆင်းတော့မည် ဖြစ်သည်။ ယခုနှစ် မိုးစပါး စိုက်ပျိုးမှုမှာ မုတ်သုံမိုးစော၍ ရရှိခဲ့ခြင်းကြောင့် ဆန်စပါး စိုက်ပျိုးမှုမှာ ယခင်နှစ်များနှင့် မတူ တစ်လစော၍ စိုက်ပျိုးနိုင်ပြီး မကြာမီ ဈေးကွက်အတွင်းသို့ ကောက်စော စပါးများ ဝင်ရောက်လာတော့မည် ဖြစ်၍ ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်း သိသိသာသာ ကျဆင်းတော့မည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့် စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေတို့ ဇူလိုင် ၃ရက်က အရာတော်မြို့ တိုးချဲ့မြို့ရေပေးရေး ခြောက်လက်မ စက်ရေတွင်း၊ ရေမြှုပ်ပန့်တပ်ဆင်အသုံးပြုသော ရေစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မိုင်းဖြတ်မြို့နယ်၌ အမကကျောင်းဆောင်ဖွင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

မိုင်းဖြတ် ဇူလိုင် ၂၃

မိုင်းဖြတ်မြို့နယ် ကချင်စံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်၂ရက် နံနက်က အဆိုပါကျောင်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လွှဲပြောင်း

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီက ကျောင်းဆောက်လုပ်ရေးကော်မတီနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဝင်းက လက်ခံရယူသည်။**(အောက်ပုံ)**

ဆက်လက်၍ ဦးလှမြင့်-ဒေါ်မြင့်မြင့် မိသားစုက တိုင်ကပ်နာရီတစ်လုံး ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြစ်ငယ်မြို့ စေတနာညကျောင်းသို့ စာရေးကိရိယာများ ပေးအပ်လှူဒါန်း

မြစ်ငယ် ဩဂုတ် ၁

မန္တလေးတိုင်း ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်စန္ဒာနှင့်အဖွဲ့ဝင်များသည် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းယုနှင့် အဖွဲ့ဝင်များနှင့်အတူ ဇူလိုင်၃ရက် ည၇နာရီက အမရပူရမြို့နယ် မြစ်ငယ်အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး စေတနာညကျောင်း၏ ပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသူများအား ကျောင်းသုံး စာရေးကိရိယာများ ပေးအပ်လှူဒါန်းကြသည်။

ညှိနှိုင်း

ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်စန္ဒာနှင့် အဖွဲ့ဝင်များသည် ကျောင်းရုံးခန်းတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများအား တွေ့ဆုံပြီး ပညာရေးနှင့်ပတ်သက်၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ကျောင်းသူများအား ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။**(၂၀၉)**

(၁၁၅)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၄

မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဌာနခွဲ(၈)မှ ဦးအုန်းကျော် **(အပေါ်ပုံ)**သည် ဇူလိုင် ၂၈ရက်က ဗဟိုအမျိုးသား သွေးလှူဘဏ်တွင်(၁၁၅) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်းသိရသည်။**(က-ပ)**

ညောင်ဦးမြို့သမိုင်းဝင် ရွှေစည်းခုံ စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝဏ္ဏဘာလမ်းနေ ဦးသန်းအား ရည်စူး၍ ကျန်ရစ်သူဇနီး သားသမီး မြေးတစ်စုက ကိုးလက်မပတ်လည် ရွှေချပြီး ရွှေပြားအချပ်၂၀အတွက် ငွေကျပ်၁၀၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀ အဖွဲ့ (အင်းစိန်)နာယက ဦးစိုးဝင်း(စဉ့်ကူ စိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာ ဗိုလ်သံမဏိ၊ တောင်တွင်းကြီး)၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး(တရားရုံးချုပ်ရှေ့နေ)၊ ဒေါ်အေးအေးသိန်း(အမှုဆောင်)တို့ လက်ခံယူစဉ်။ (၀၄၆)

ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေဖြူကန်-ပေါက်တောလမ်း ဂဝံခင်းရန်အတွက် ဩဂုတ် ၇ရက်က ဂဝံစုဆောင်းထားမှုကို အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်နုကွင်းဆင်း စစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဇော်လင်းအောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

တောင်ကြီး ဩဂုတ် ၅

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အရှေ့မြို့ပတ်လမ်းရှိ ရေအေးကွင်းရပ်ကွက်၊ မင်္ဂလာဦးရပ်ကွက်၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ ကန်ရှေ့ရပ်ကွက်နှင့် သစ်တောရပ်ကွက်များ၌ လမ်းဘေးဝဲယာချုံနွယ်နှင့် မြက်များရှင်းလင်းခြင်းနှင့် ရေမြောင်းများအတွင်း အမှိုက်များ ရှင်းလင်းခြင်းတို့ကို ရပ်ကွက်ပြည်သူများနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ကြရာ အဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်များဖြင့် သယ်ယူရှင်းလင်းကြသည်။

ကြီးကြပ်

အဆိုပါဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဇော်လွင်နှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးမောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

သွင်းကုန်အစားထိုး စက်အရန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး စက်မှုဇုန်ကြီးကြပ်ရေးအဖွဲ့ဝင်များ ညီညွတ်မှုတစ္စာ ပေါင်းစပ်ဆောင်ရွက် ဝန်ကြီး ဦးအောင်သောင်း မန္တလေးစက်မှုဇုန်ရှိ စက်ရုံအလုပ်ရုံများ ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးစက်မှုဇုန်ထုတ် ၁၀ ဘီးကားနှင့် ၁၂ ဘီးကုန်တင်မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

နေပြည်တော် ဩဂုတ် ၁၄

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် မန္တလေးစက်မှုဇုန်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့နံနက် ၇နာရီတွင် မန္တလေးစက်မှုဇုန်သို့ရောက်ရှိပြီး စက်ရုံတိုးချဲ့တည်ဆောက်ပြီးစီးမှုနှင့် သံရည်ကျိုပြီးသံထည်များ၊ သံရည်ကျိုအိုးများကို ကြည့်ရှုစစ်ဆေးရာ မန္တလေးတော်ဝင်စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က သံထည်များ ထုတ်လုပ်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းက အကြမ်းထည်များ ထုတ်လုပ်မှုအပြင် အချောထည်များပါ ထုတ်လုပ်သွားနိုင်ပါက ပိုမိုအကျိုးရှိမှာဖြစ်ကြောင်း အသေးစိတ်ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

ကမ်းရိုးတန်းဒေသများ နေရာကွက်၍ မိုးကြီးနိုင်

ရန်ကုန် ဩဂုတ် ၁၄

လွန်ခဲ့သော ၂၄နာရီအတွင်းက မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ကာ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေသည်။

ဩဂုတ် ၁၅ ရက် ညနေအထိ ခန့်မှန်းချက်အရ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ကမ်းရိုးတန်းဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်ဟု သိရသည်။ (မြန်မာ့အလင်း)

ရန်ကုန်နှင့် တောင်ငူမြို့အကြား အချက်ကျသည့် ဓာတ်အားခွဲရုံကြီးဖြစ်လာမည့် ကေဗွီ ၂၃၀ သာယာကုန်းဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်း သတ်မှတ်ကာလမတိုင်မီ စောစီးစွာပြီးစီးရေး ကြိုးစားလုပ်ဆောင်နေ

ရန်ကုန် ဩဂုတ် ၁၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဩဂုတ် ၁၁ ရက်မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ဖြူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဝန်ကြီးက ဓာတ်အားခသုံးစွဲငွေများ ပေးဆောင်ရာတွင် ပိတ်ရက်မရှိဘဲ လက်ခံသွားရန်နှင့် ထိုသို့လက်ခံရာတွင် ပြည်သူများအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ လွယ်လင့်တကူ ဓာတ်အားခပေးဆောင်နိုင်ရန်အတွက် ဝန်ထမ်းများက တိတိကျကျ မြန်မြန်ဆန်ဆန်ဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

ကြိုးစားလုပ်ကိုင်

ထို့နောက် ဝန်ကြီးအား ဖြူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးခန်းမ၌ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက မိမိမြို့နယ်အတွင်းရှိ ဝန်ထမ်းအင်အား၊ တာဝန်များ ခွဲဝေချထားမှု၊ ဓာတ်အားရရှိလက်ခံရောင်းချမှု၊ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနေမှု၊ စနစ်သစ်ဖြင့် ဓာတ်အားခကောက်ခံရရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ဝန်ထမ်းများအား ပြည်သူက ယုံကြည်လေးစားရသော နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ကြိုးစားလုပ်ကိုင်သွားကြရန် မှာကြားသည်။ ***စာမျက်နှာ ၃ ကော်လံ ၅*** ●

(၁၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အေအိုင်ဒီအက်စ်ညီလာခံ ရောဂါဟန့်တားရေးဆေးဝါးများ ထုတ်လုပ်ရန် တိုက်တွန်းနှိုးဆော်

သတင်းမှတ်စု
မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၁၄

ကမ္ဘာ့လူသားတို့၏ အသက်အန္တရာယ်ခြိမ်းခြောက်လျက်ရှိသော ရောဂါဆိုးများတွင် အေအိုင်ဒီအက်စ်က ရှေ့ဆုံးမှပါဝင်နေသည်။ အေအိုင်ဒီအက်စ်ရောဂါသည် ကမ္ဘာ့မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားတစ်ရပ်လုံးအား အန္တရာယ်ကြီးစွာပေးဆောင်နိုင်စွမ်းရှိသည်ဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီးတို့အနေဖြင့် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်လျက်ရှိကြသည်။

တက်ရောက်

ယခုအခါ (၁၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အေအိုင်ဒီအက်စ်ညီလာခံကို ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ဩဂုတ် ၁၃ ရက်မှ ၁၈ရက်အထိ ကျင်းပလျက်ရှိသည်။ အဆိုပါ အေအိုင်ဒီအက်စ်ညီလာခံသို့ နိုင်ငံတကာမှ ကျွမ်းကျင်သူများ၊ ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် သုတေသနသိပ္ပံပညာရှင်များ စုစုပေါင်း ၂၄၀၀ ကျော် တက်ရောက်ဆွေးနွေးလျက်ရှိကြသည်။ ***စာမျက်နှာ ၆ ကော်လံ ၁*** ✡

ဩဂုတ် ၁၄ ရက်၌ မိုးရွာသွန်းလေသမျှ

ဝမြို့	၈ ဒသမ ၃၁ လက်မ
သံတွဲ	၆ ဒသမ ၀၆ လက်မ
ဘားအံ	၅ ဒသမ ၇၁ လက်မ
သထုံ	၅ ဒသမ ၅၅ လက်မ
ပုသိမ်	၅ ဒသမ ၀၀ လက်မ
မြိတ်မြို့	၄ ဒသမ ၅၇ လက်မ
ရေးမြို့	၃ ဒသမ ၁၉ လက်မ
မင်းဘူး	၀ ဒသမ ၅၉ လက်မ